# အမျိုးသမီးမဟာမိတ် အင်အားစု

အတွဲ ၁၊ အမှတ် ၁ | တနှစ်ပြည့် အထူးထုတ် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်နေ့



# မာတိကာ


| | | |
|---|---|---|
| | အမျိုးသမီးမဟာမိတ်အင်အားစု၏ သမိုင်းကြောင်း | ၁ |
| ကဗျာကဏ္ဍ | (၁) အမျိုးသမီး | ၂ |
| | ဂုဏ်ပြုစကားများ | ၃ |
| ဆောင်းပါးကဏ္ဍ | (၁) ကုမ္ပဏီမှသည် Woman Alliance ဆီသို့ | ၆ |
| ဝတ္ထုတိုကဏ္ဍ | ဝတ္ထုတို | ၉ |
| ကဗျာကဏ္ဍ | (၂) WAB | ၁၈ |
| ဆောင်းပါးကဏ္ဍ | (၂) တန်းတူဟူသည် | ၁၉ |
| | အမျိုးသမီးမဟာမိတ်အင်အားစုမှ ရဲဘော်များ၏ အမှတ်တရစကားများ | ၂၂ |
| ဆောင်းပါးကဏ္ဍ | (၃) အထက်ဆင်စ အနက်ရောင် | ၂၅ |
| | အမျိုးသမီးမဟာမိတ်အင်အားစုမှ လှုပ်ရှားခဲ့သော သပိတ်လှုပ်ရှားမှုများ | ၂၇ |

# အမျိုးသမီး မဟာမိတ်အင်အားစု WAB ဖြစ်ပေါ်လာပုံ



၂၀၂၁ ခုနှစ်၊ ဂျူလိုင်လ (၁၀)ရက်နေ့တွင် မန္တလေးမှ တော်လှန်နေသော အမျိုးသမီးများ၏ "အမျိုးသမီး တွေမပါရင် ဒီတိုက်ပွဲက မအောင်နိုင်ပါဘူး" သပိတ်စစ်ကြောင်းမှ အစပြု၍ ရန်ကုန်တွင် "၂၁ရာစုရဲ့ ပန်ထွာဘုရင်မများ" သပိတ် စစ်ကြောင်း၊ မုံရွာ(ပင်မနှင့် ကျေးရွာများတွင်)" ပုခက်လွှဲသောလက် အာဏာရှင်ကိုအမြစ်ဖြတ်" သပိတ်စစ်ကြောင်းများ၊ ဒီပဲယင်းမြို့နယ် ရွာတစ်ရွာမှ "ငါတို့ထဘီ၊ ငါတို့အလံ၊ ငါတို့အောင်ပွဲ"၊ သရက်ချောင်း အမျိုးသမီးသပိတ်၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကျေးရွာများ အမျိုးသမီး သပိတ် အစရှိသဖြင့် အမျိုးသမီး သပိတ်များ အင်အား အပြည့်ဖြင့် အသီးသီးထွက်ပေါ်လာ ခဲ့ကြသည်။ ဂျူလိုင်လ အတွင်း "Ministry of Women, Youth and Children Affairs" အကူအညီဖြင့် အနယ်နယ် အရပ်ရပ်မှ အမျိုးသမီး သပိတ်အဖွဲ့များ တွေ့ဆုံ ခဲ့ကြပါသည်။ MoWYCA မှ အမျိုးသမီး မဟာမိတ် အင်အားစု မဖွဲ့စည်းမီ အချိန်မှစ၍ ယခု ဖွဲ့စည်းပြီးသည့် အချိန်ထိ အမျိုးသမီးစစ်ကြောင်းများအား အားပေးကာ နည်းပညာ ပိုင်းအရ ကူညီပေးလျက်ရှိပါသည်။ ထိုမှစတင်ကာ အမျိုးသမီး သပိတ်များ အင်အားကောင်းလာစေရန် အနယ်နယ်အရပ်ရပ်မှ အမျိုးသမီးသပိတ် ဦးဆောင်လှုပ်ရှားသူများနှင့် ချိတ်ဆက်ခဲ့ကြသည်။

တော်လှန်ရေးကာလ ကြားကာလနှင့် ပြန်လည်ထူထောင်ရေး ကာလများတွင် အမျိုးသမီးများ ပိုမိုအားကောင်းစွာ ပါဝင်ဦးဆောင် လှုပ်ရှားနိုင်ရန် ရည်ရွယ်၍ အမျိုးသမီး မဟာမိတ်အင်အားစုကို ဖွဲ့စည်းရန်အစပျိုးခဲ့ပါသည်။ အမျိုးသမီးမဟာမိတ်အင်အားစု ဖွဲ့စည်းနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပအမျိုးသမီး တက်ကြွလှုပ်ရှားသူများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အကြံဉာဏ်များ ရယူ ခဲ့ပါသည်။ ပြီးနောက် အမျိုးသမီး မဟာမိတ်အင်အားစု၏ ရပ်တည်ချက်၊ ရည်မှန်းချက်များ ရေးဆွဲခဲ့ကြသည်။ ဩဂုတ်လ (၂၄) ရက်နှင့် (၂၅)ရက်နေ့များတွင် "အဖိနှိပ်ခံရှိအမျိုးသမီးအရေး ငါတို့အားလုံးအရေး၊ အမျိုးသမီးတို့ဘုန်းနဲ့ မုဒိန်းတပ်ကို ချေမှုန်းမယ်" ဆောင်ပုဒ်ဖြင့် ရန်ကုန်၊ မန္တလေး၊ မုံရွာပင်မ၊ မုံရွာအမြင့်လမ်းဘေး ကျေးရွာများ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကျေးရွာများနှင့် ကလေးမြို့ တို့မှ မြေပြင်သပိတ်နှင့်အတူ "We Apologize" လူမှုကွန်ယက် ကမ့်ပိန်းကို Rohingya Memorial Day အထိမ်းအမှတ်အနေဖြင့် ပြုလုပ်ခဲ့ကြသည်။

၂၀၂၁ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် "Women Alliance Burma_အမျိုးသမီးမဟာမိတ်အင်အားစု" စတင် ဖွဲ့စည်းကြောင်းကို လူမှုကွန်ယက်စာမျက်နှာ မှတဆင့် ကြေညာခဲ့သည်။

# အမျိုးသမီး

**အမျိုးသမီး** ဆိုတာ

ကမ္ဘာတည်ထဲက

တကိုယ်ရည်မျှော်လင့်ချက်နဲ့အိပ်မက်ကို

မိသားစုထဲကျေကျေနပ်နပ် အပျောက်ခံလိုက်တဲ့

**အမေ** ။

(နန္ဒာစစ်အောင်)



# ဂုဏ်ပြုစကားများ

လေးစားအပ်ပါသော ညီနောင် အမ များခင်ဗျာ။ ကျွန်တော်ဟာ အမျိုးသားတစ်ဦးပါ။ ကျွန်တော်တို့တွေဟာ ယခင့်ယခင်က အမျိုးသမီးများဟာ အားနွဲ့ပြီး မှီခိုသဟဲ ဖြင့်သာ ရှင်သန်နိုင်သူတွေဖြစ်တယ်လို့ ရေးဝါဒအစွဲကြီးတစ်ခုက ရိုက်သွင်းခံခဲ့ရပါတယ်။ ဤသည်ကို အမ တို့က ဖြိုဖျက်ခဲ့ပါတယ်။ ကျွန်တော်အနေနဲ့ ထဘီ ကိုအလံထူပြီး တိုက်ပွဲဝင်နေသော အမတို့ကို အစဉ်အမြဲလေးစား ဂုဏ်ယူနေပါတယ်။ နောင်တစ်ခေတ်မှာ စနစ်ဆိုး မူဝါဒဆိုးတစ်ရပ်ကို ဖြိုဖျက်နိုင်ဖို့ ကျွန်တော့်အနေနဲ့ လူကိုသာမဟုတ်ဘဲ မူတစ်ရပ်လုံးကို တော်လှန်မည်ဖြစ်ကြောင်းလည်း ကတိကဝတ်ပြုလိုက်ရပါတယ်။

(လူငယ်များသမဂ္ဂ-ဗဟို)

နွေဦးတော်လှန်ရေးနဲ့အတူ နိုင်ငံရေးမှာ အမျိုးသမီးပါဝင်မှုကဏ္ဍကို ပြည်သူလူထုနဲ့ နိုင်ငံတကာကသိအောင် မတရားမှုတွေကို အံတုပြီး မြေပြင်သပိတ်ဖော်ဆောင်ပေးတဲ့ WAB ညီအမတွေ ဘေးကင်းကြပါစေ။

တော်လှန်ရေးမှာအောင်ပွဲခံနိုင်ပြီး အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရေးမှာလဲ အမျိုးသမီးများရဲ့ စွမ်းရည်နဲ့ ဆက်လက် ပါဝင်နိုင်ကြပါစေလို့ WAB တည်ထောင်ခြင်း တစ်နှစ်ပြည့် မှာ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

တော်လှန်ရေးသစ္စာဖြင့်

(WAC-M)

အမျိုးသမီးမဟာမိတ်အင်အားစုသည် ၂၀၂၁ ခုနှစ် နွေဦး တော်လှန်ရေးတွင် ပါဝင်နေသော အမျိုးသမီးသပိတ်အင်အားစုများကို စုစည်းကာ အမျိုးသမီးမဟာမိတ်အင်အားစုအဖြစ် ဖွဲ့စည်းနိုင်သည့်အပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ အမျိုးသမီးမဟာမိတ်အင်အားစုမှ မိမိတို့၏ ပန်းတိုင်ဖြစ်သော တန်းတူရေးကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် အတွက် ဆက်လက်ပြီး တိုက်ပွဲဝင် တော်လှန်နေမည့် အဖွဲ့အစည်း ဖြစ်ပါစေကြောင်း ဂုဏ်ပြုအပ်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ်
(မြန်မာနိုင်ငံ)

အမျိုးသမီး မဟာမိတ်အင်အားစု (Women Alliance Burma - WAB)၊ စုဖွဲ့တည်ထောင်ခြင်း (၁) နှစ်ပြည့်ပြီလို့ သိရပါတယ်။

ပြောရရင် ကျနော့်အနေနဲ့ WAB နဲ့က စတင်စုဖွဲ့ကတည်းကနေ သိရှိကျွမ်းဝင်လာတဲ့ ရဲဘော်တဦးလို့ ဆိုနိုင်တယ်။ အဲ့လိုသိရှိလို့လည်း တိုင်းပြည်နဲ့ လူထုအပေါ် ထားတဲ့ WAB ရဲဘော်ရဲဘက်များရဲ့ စိတ်ကောင်းစေတနာနဲ့ ရပ်တည်ချက်ကောင်း၊ တော်လှန်ရေးမှာ ထည့်ဝင်ဆောင်ရွက်မှုတွေကို များစွာ လေးစား၊ ဂုဏ်ယူ၊ ဦးညွှတ်ရတယ်ဗျာ။

ကျနော်ကတော့ WAB နဲ့ WAB က ရဲဘော်ရဲဘက်တွေကို လက်ရှိ တော်လှန်ရေး ကာလအတွက်သာမက တော်လှန်ရေးအလွန် ကာလ၊ဖက်ဒရယ်ဒီမိုကရေစီ တိုင်းပြည်သစ် ထူထောင်ရေးကာလအတွက်ပါ အများကြီး မျှော်လင့်တယ်၊ အားကိုးတယ်ဗျာ။

အမျိုးသမီးထု ဦးဆောင်၍ အရေးတော်ပုံ အောင်ရမည်။

လူနဲ့လူချင်း တန်းတူညီမျှတဲ့ ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံတော်သစ်တရပ်ကို မျှော်ရည်လျက် -

တေဇာစန်း
(အရေးတော်ပုံ တပ်သားတဦး)

# ဂုဏ်ပြုစကားများ

၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလ (၆) ရက်နေ့တွင် အမျိုးသမီးမဟာမိတ်အင်အားစု (Women Alliance Burma) ၏ စုဖွဲ့မှု တနှစ်ပြည့်ပြီဟု သိရှိရပါသည်။ ယခုကဲ့သို့ တော်လှန်ရေး ခရီးကြမ်းကာလအတွင်း တနစ်တိတိ တော်လှန်ရေးအလုပ်များ တစိုက် မတ်မတ်လုပ်ကိုင်ရင်း ရပ်တည် နိုင်ခဲ့သည်မှာ ဂုဏ်ယူ အားတက်စရာပင်ဖြစ်ပါသည်။ အမှန်တကယ်တော့ WAB နှင့် ကျွန်မတို့ MFM သည် သွေးမဝေးသော မိတ်ဆွေရင်းချာ ညီအမ အဖွဲ့အစည်းများပင် ဖြစ်ပါတယ်။ တော်လှန်ရေးရေကို အတူတူ သောက်နေကြသည့် ညီအမ အဖွဲ့အစည်းအချင်းချင်း အနေဖြင့် တော်လှန်ရေးမေတ္တာ၊ တော်လှန်ရေးသစ္စာတို့ကို အခြေခံ၍ အပြန် အလှန် ကူညီရိုင်းပင်းမှုများ ဆက်လက် တည်ရှိနေမှာ ဖြစ်ပြီး နေ့ဝင် ညများကို အတူတကွ ဆက်လက်ဖြတ်သန်းသွားကြပါစို့။

လူကိုလူလိုဆက်ဆံသည့် နိုင်ငံသစ်တခုကို WAB နှင့် MFM သာမက အခြားသော တော်လှန်သော တက်ကြွသော အင်အားစုများနှင့် လက်တွဲလို့ အတူတကွ တည်ဆောက် နိုင်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်လျက် ...

ခိုင်မာသော တော်လှန်ရေးသစ္စာဖြင့်

ကျန်းမာရေးမိသားစု–မန္တလေး
(Medical Family Mandalay)

"အမျိုးသမီးမဟာမိတ်အင်အားစု" တဲ့ အာဏာသိမ်းပြီး လူမှုကွန်ယက် မှာတွေ့လိုက်ရတဲ့ စကားစုတခုကို အခုထိမှတ်မိ နေပါသေးတယ်။အမျိုးသမီးေ တွအတွက် အားတက်စရာ နာမည် နဲ့လိုက်အောင် အမျိုးသမီးထုတွေအတွက် ရပ်တည်ကြိုးစားပေး နေလို့တည်ထောင်ခြင်း တနှစ်ပြည့်မှာ အမျိုးသမီးထုကိုယ်စား ပြည်သူ့စစ်သားဇနီးများက ဂုဏ်ယူမော်ကွန်းတင်ပါတယ်။

(ပြည်သူ့စစ်သားဇနီးများ)

တိုက်ပွဲဝင်နေသည့်အပြင် တရားမျှတခြင်း။ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်း ဆိုင်ရာ အတွေးအခေါ်အယူအဆများအတွက်ပါ တိုက်ပွဲဝင်နေကြသည့် အမျိုးသမီး မဟာမိတ်အင်အားစုမှ ရဲဘော် များနှင့်တကွ တော်လှန်သော အမျိုးသမီးအပေါင်းတို့ကို လေးစား ဦးညွှတ်လျက်

(နန်းလင်း)

အာဏာရှင်စနစ် အမြစ်ဖြတ်တိုက်ထုတ်ရန်၊ နိုင်ငံတော်သစ် တစ်ရပ် ဖြစ်ထွန်းလာရန်စတဲ့ တော်လှန်ရေး ရည်ရွယ်ချက်တွေနဲ့ တော်လှန်သောအမျိုးသမီးများ သန္နေတည်ဖွဲ့စည်းခဲ့တဲ့ အမျိုးသမီး မဟာမိတ်အင်အားစု (Women Alliance Burma-WAB) ဟာလာမည့် စက်တင်ဘာလ (၆)ရက်၊ ၂၀၂၂ ခုနှစ်မှာဆိုရင် စတင် ဖွဲ့စည်းခဲ့ခြင်း တစ်နှစ်ပြည့်ခဲ့ပြီပဲ ဖြစ်ပါတယ်။ စတည်ဖွဲ့စည်းခဲ့တဲ့ အချိန် စကပြီး နွေဦးတော်လှန်ရေးရဲ့ ကဏ္ဍအသီးသီးကနေ အရှိန် အဟုန်နဲ့ ပါဝင်ခဲ့တဲ့အပြင် အမျိုးသမီးတွေရဲ့ ဦးဆောင်မှုအခန်းကဏ္ဍ တိုးမြှင့်ပါဝင်လာရေးအတွက် Women Alliance Burma - WAB မှ ရဲဘော်တို့ရဲ့ ကြိုးပမ်းမှုတွေ၊ အတွေးအခေါ်တော်လှန်ရေး တစ်ရပ်အတွက် ဆောင်ရွက်ချက်တွေကို လေးစားဂုဏ်ယူအပ် ပါတယ်။ အခုလိုတော်လှန်ရေးကာလတစ်နှစ်ကျော်အထိ ကြံ့ကြံ့ခံ တော်လှန်နေကြသလိုမျိုးပဲ ကျနော်တို့ ပြည်သူလူထုတစ်ရပ်လုံး အတွက် နိုင်ငံတော်သစ်တစ်ရပ် ရရှိလာတဲ့အထိ အာဏာရှင် အရပ်ရပ်ကို ဆက်လက်တော်လှန်သွားနိုင်ကြမယ်လို့ ယုံကြည်ပါ တယ်။ ကျနော်တို့ တကသများ–ရန်ကုန် အနေနဲ့လည်း Women Alliance Burma-WABက ရဲဘော်တွေနဲ့အတူ အခုတော်လှန်ရေးမှာ မဟာမိတ်ကောင်း၊ ရဲဘော်ရဲဘက်ကောင်း ပီသစွာနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ တော်လှန်ရေး သစ္စာပြုပါတယ်။

"အာဏာရှင်စနစ် မုချ ကျဆုံးရမည်"

ဖွန်ကနင်းဆက်
တကသများ–ရန်ကုန်
ရန်ကုန်စီးပွါးရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (လှိုင်နယ်မြေ)

# ဂုဏ်ပြုစကားများ

ယခုတော်လှန်ရေး ခရီးတစ်နှစ်ပြည့် မြောက်သည့် အချိန်မှစ၍ တော်လှန်ရေးပြီးဆုံးသည့်အချိန်ထိ ဘေးရန်ကင်းစွာ အကြမ်းဖက်စစ်ဘီလူးများအား တွန်းလှန်တိုက်ထုတ်နိုင်ပါစေ။ LGBT နှင့် အမျိုးသမီးသည် ခွဲခြား၍မရသည့် အရာများ ဖြစ်သည့်အတွက် ရှေ့ဆက် တော်လှန်ရေး ကဏ္ဍများတွင်သာမက နောင်တော်လှန်ရေး အလွန်ကာလများတွင်လည်း လူ့အခွင့်ရေးတိုက်ပွဲများအား အတူတကွတော်လှန်ကြပါစို့ ဟု ကတိသစ္စာပြုပြောကြားအပ်ပါသည်။

အရေးတော်ပုံမုချအောင်ရမည်။

အမျိုးသမီးဘုန်း နဲ့အာဏာရှုးကို လက်စတုန်းမယ်။

(LGBT Alliance Myanmar)

ရဲရဲတောက် သတ္တိခဲ WAB က နှုတ်ခမ်းနီပိုင်ရှင်များသို့

အာဏာရှင်နှင့် အကြမ်းဖက် ဝါဒများကို အံတုနေကြသော တော်လှန်ရေး ရဲဘော်အဖွဲ့အစည်း WAB ရဲ့ တစ်နှစ်ပြည့်မှသည် စစ်မှန်သော ဖက်ဒရယ်စနစ် ပေါ်ပေါက်လာသည်အထိ မားမားမတ်မတ်ရပ်တည် နေအုံးမည်ဟု အကြွင်းမဲ့ ယုံကြည်ပါသည်။ မြေပြင်မှတက်ကြွလှုပ်ရှားနေသော အမျိုးသမီး သဝိတ်ရဲဘော်တို့၏ ဟစ်ကြွေးသံဖြင့် စစ်အကြမ်းဖက်သမားတို့ ဒူးမြေခပါစေသား။ ညီအမချင်း ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် အာဏာရှင်အားပေး အယူဝါဒများကိုအတူတကွ တွန်းလှန် အမြစ်ဖြုတ်နိုင်တော့မှာပါ။

(Sisters2Sisters)

ချစ်ရတဲ့ညီအစ်မများ

ဒီကနေ့ အမျိုးသမီးမဟာမိတ်အင်အားစု – Women Alliance Burma (WAB) တည်ထောင်တာ တစ်နှစ်ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ ဖရက် ဇလမှာ တစ်နှစ်ပြည့်တယ်ဆိုပေမယ့် ကျွန်မတို့ WAB ကို WAB လို့ အမည်မတပ်ခင် ရှေ့မှာ အမျိုးသမီးစစ်ကြောင်းအသီးသီးလှုပ်ရှားခဲ့ကြပါတယ်။ ကံကောင်းထောက်မလို့ ဒီအဖွဲ့စတည်ထောင်တည်းက အခုထိ ပါဝင်လှုပ်ရှားကူခဲ့ရလို့ ဝမ်းသာပါတယ်။ WAB ရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ အမျိုးသမီးတစ်ယောက် မီးတုတ်ကို ကိုင်ဆောင်နေသလို အမှောင်ခွင်း၍ အလင်းဆောင်နိုင်ကြပါစေ။ အဖွဲ့ စတည်ထောင်တည်းက အခုထိ ပြောခဲ့တဲ့စကားလိုပါပဲ ဘယ်လိုပဲ စိတ်ဝမ်းကွဲစရာ အခုတစ်ရာတွေ့ပါစေ ညီညွတ်စရာတစ်ခုကို ပြန်စွဲကိုင်ပြီး အဖွဲ့ကို နှစ်ပေါင်းများစွာ ဆက်လက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ကြပါစေ။

တော်လှန်ရေးသစ္စာဖြင့်

**အိသဉ္ဇာမောင်**

ဒုတိယဝန်ကြီး
အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန
(အမျိုးသားညီညွတ်ရေးအစိုးရ)

# ကုမ္မာရီ မှသည် Women Alliance ဆီသို့

(နှစ်တစ်ရာကျော် မြန်မာပြည်အမျိုးသမီးနိုင်ငံရေးလှုပ်ရှားမှု)

မောင်ဘိုး ရေးသားသည်။




မြန်မာအမျိုးသမီးတွေရဲ့ ခေတ်သစ်နိုင်ငံရေးလှုပ်ရှားမှုဟာ အမေရိကန်၊ဗြိတိန်စတဲ့ အနောက်နိုင်ငံတွေနဲ့ယှဉ်ရင် မစောပေမယ့် ခေတ်ပြိုင် အာရှနိုင်ငံတွေနဲ့ယှဉ်ရင်တော့ နောက်မကျပါဘူး။

ပဒေသရာဇ်တွေလက်ထက်ထဲက အမျိုးသမီးတွေ စာပေသင်ကြားခွင့်ရှိတာတွေ၊ မှူးမတ်မင်းမှုထမ်းအဖြစ်ခစားရတာတွေရှိတယ်လို့ မှတ်တမ်းတွေရှိပါတယ်။ ဗြိတိသျှတွေမြန်မာပြည်ကို သိမ်းပိုက်စဉ်က လက်နက်ကိုင်အုံကြွဆန့်ကျင်မှုတွေထဲကတခုဖြစ်တဲ့ ဝက်ထီးကန်တိုက်ပွဲမှာ ရှမ်းအမျိုးသမီးမြင်းစီးသူရဲကောင်းတွေ ပါဝင်ခဲ့တယ်လို့ ဆိုကြပါတယ်။

ပထမဆုံးအမျိုးသမီးအသင်းလို့ဆိုရမယ့် ကုမ္မာရီအသင်းခေါ် မြန်မာအမျိုးသမီးသမဂ္ဂကို ၁၉၁၉မှာတည်ထောင်ခဲ့ပါသည်။ ဒီအဖွဲ့အစည်းဟာ အစပိုင်းကတော့ အမျိုးသမီးလူမှုရေးကိစ္စရပ်တွေသာ ဆောင်ရွက်ခဲ့ပေမယ့် နောက်ပိုင်း ဂျီစီဘီအေနဲ့ဆက်သွယ်ပြီး ဝံသာနုနိုင်ငံရေးကိစ္စရပ်တွေ လှုပ်ရှားလာပါတယ်။ ဆရာတော်ဦးဥတ္တမ ဖမ်းဆီးခံရလို့ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ကန့်ကွက်ခဲ့ကြတဲ့ အမျိုးသမီးတွေကို ပုလိပ်တွေက မြင်းနဲ့ပြေးတိုက်ပြီး ဖမ်းဆီးခဲ့ပါတယ်။

၁၉၂၉ဥပဒေပြုလွှတ်တော်ထဲမှာ ဒေါ်နှင်းမြကို အမျိုးသမီးအမတ်အဖြစ်နဲ့ ရွေးချယ်ခဲ့ပါတယ်။ ၁၉၃၁ မှာ ရန်ကုန်ဂျူဗလီဟော အမျိုးသမီးထုအစည်းအဝေးကို ခေါ်ယူပြီး "မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ "ကိုဖွဲ့စည်းပါတယ်။

မြန်မာပြည်ကိုအုပ်ချုပ်ရေးတိုးမြှင့်ဖို့အတွက် လန်ဒန်မျက်နှာစုံညီအစည်းအဝေးပွဲမှာ အမျိုးသမီးကိုယ်စားလှယ်အဖြစ်တက်ရောက်ဖို့ အဲဒီအစည်းအဝေးမှာ တောင်းဆိုခဲ့ပြီး အမ်အေဒေါ်မြစိန်ကတက်ရောက် ကိုယ်စားပြုခွင့် ရခဲ့ပါတယ်။

ကျောင်းသားလှုပ်ရှားမှုတွေ ဘက်ကြည့်ရင်လည်း ၁၉၂၀ ကျောင်းသားသပိတ်မှာ အမျိုးသမီးတွေပါဝင်ခဲ့တာတွေရှိပြီး အမျိုးသမီးသီးသန့် နေရှင်နယ်ကျောင်းတွေထူထောင်နိုင်တဲ့အထိ အင်အားကောင်းခဲ့ပါတယ်။ ၁၉၃၆ ဒုတိယ ကျောင်းသားသပိတ်မှာတော့ သပိတ်မှောက်ကောင်စီဝင်တွေအထိ အမျိုးသမီးဦးဆောင်မှုက ကျယ်ပြန့်ခဲ့ပါတယ်။ အမျိုးသမီး သပိတ်ကောင်စီဝင်တွေ ထဲမှာ

မအမာ (စာရေးဆရာမကြီး လူထုဒေါ်အမာ) နဲ့
မအုံး (ပါဠိပါမောက္ခ M.A)
တို့ကထင်ရှားပါတယ်။

၁၉၃၈ တတိယ သပိတ်မှာလည်း အတွင်းဝန်ရုံးဆန္ဒပြပွဲမှာ ပုလိပ်တွေရဲ့ ရိုက်နှက်ဖြိုခွင်းမှုကြောင့် ဒဏ်ရာရခဲ့တဲ့ ကျောင်းသူတွေရှိပါတယ်။ ကျောင်းသားထုအပေါ် ဖြိုခွဲမှုအကြောင်းကို အင်္ဂလိပ်စာရေးဆရာကြီး အိပ်ဂျီဝဲလ် မြန်မာပြည်ကိုလာရောက်စဉ်က စာရေးဆရာမခင်မျိုးချစ်က တင်ပြခဲ့ပါတယ်။







တို့ဗမာအစည်းအရုံး လှုပ်ရှားစဉ်ကာလအတွင်းမှာ အစည်းအရုံးဝင် အမျိုးသမီးသခင်မတွေ အများအပြား ပေါ်ထွက်လာပါတယ်။ ပြည်မြို့က သခင်မဒေါ်သိန်းတင်ဟာ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ပထမဆုံးထောင်ချခံရသူ အမျိုးသမီးဖြစ်ပြီး ၁၃၀၀ပြည့် ရေနံမြေ သပိတ်ချီတက်စဉ်မှာလည်း သခင်မဒေါ်စု၊ သခင်မဒေါ်ဆယ်စတဲ့ အမျိုးသမီးသခင်မတွေကို သပိတ်တားမှုကြောင့် ဖမ်းဆီးခဲ့ပါတယ်။

ဖက်ဆစ်တော်လှန်ရေး ကာလမှာလည်း အမျိုးသားတွေနဲ့အတူ အိန္ဒိယမှာ လေထီးစစ်ပညာသင်ခဲ့တဲ့ ကျောက်ဆည် ဒေါ်မြရီလို အမျိုးသမီးရှိခဲ့သလို ချင်းတောင်တန်းရဲ့ ဖက်ဆစ်တော်လှန်ရေး ဦးဆောင်အဖွဲ့မှာ အမျိုးသမီးတွေ ပါဝင်ခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးနောက် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေမှာ အမျိုးသမီးတွေပါဝင်ခဲ့ပြီး အုပ်ချုပ်သူတွေကို တိုက်ခိုက်ခဲ့ပါတယ်။ ထင်ရှားတဲ့ သရုပ်ဆောင်အလှမယ် နော်လီဇာဘင်ဆင်ဟာ ကရင်လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ထဲမှာ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး သမ္မတပောင်း စဝ်ရွှေသိုက်ကတော် မဟာဒေဝီဟာလည်း ရှမ်းပြည်တပ်မတော် – SSA ကို ထူထောင် ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး ဒေါ်ခင်ကြည်ကတော့ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ လူမှုဝန်ထမ်းလုပ်ငန်းတွေကြောင့် အများလေးစားခံရသူတစ်ဦးအဖြစ် မြန်မာပြည်ရဲ့ ပထမဆုံး အမျိုးသမီးသံအမတ်အဖြစ် အိန္ဒိယနိုင်ငံမှာ ထမ်းဆောင်ခဲ့ပါတယ်။

မြန်မာပြည်ရဲ့ နိုင်ငံရေးဖြစ်စဉ်တွေမှာ အမျိုးသမီးတွေ အင်တိုက်အားတိုက် ပါဝင်တာတွေရှိပေမယ့် ဦးဆောင်သူနေရာကနေ ကမ္ဘာကို မီးမောင်းထိုးပြလိုက်သူကတော့ ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။

၁၉၈၈ ကနေစပြီး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာ မြန်မာပြည်ရဲ့အိုင်ကွန်အဖြစ် အသိမှတ်ပြုခံရသူ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်ရဲ့ ပထမဆုံးငြိမ်းချမ်းရေး နိုဘယ်ဆုရှင်ဖြစ်ပါတယ်။ မြန်မာပြည်သူအများစုရဲ့ ချစ်ခင်လေးစားမှု ခံရသူ ဒေါ်အောင်ဆန်းစုကြည်ဟာ အခုချိန်မှာတော့ အစိုးရ ခေါင်းဆောင်အဖြစ်ကနေ အာဏာသိမ်းစစ်တပ်ရဲ့ ဖမ်းဆီးခြင်းခံနေရပြီး နှစ်ရှည်ထောင်ဒဏ်တွေ မတရားချမှတ်ခံထားရပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကျဉ်းကျခံရတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကနေစပြီး မြန်မာအမျိုးသမီးတွေဟာ နိုင်ငံရေးကို ပိုမိုစိတ်ဝင်စားလာပြီး ယခင်ထက် ပိုကာထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ ၁၉၈၈၊ ၁၉၉၆၊ ၂၀၀၇ နဲ့ ၂၀၁၅ နိုင်ငံရေး လှုပ်ရှားမှုအသီးသီးကနေ အမျိုးသမီးခေါင်းဆောင်တွေ ပေါ်ထွက်ခဲ့ပြီး တိုင်းရင်းသား အမျိုးသမီးခေါင်းဆောင် တွေလည်း ထင်ရှားပါတယ်။








၂၀၂၁ တကျော့ပြန်စစ်အာဏာသိမ်းမှုစတင်ပြီးနောက် လမ်းပေါ်ထွက်ပြီး ဆန့်ကျင်လှုပ်ရှားမှုတွေပေါ်ပေါက်လာတဲ့အခါ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုအခန်းကဏ္ဍဟာ သိသိသာသာထင်ရှားလာပါတယ်။ စစ်တပ်ကပစ်ခက်လို့ နေပြည်တော်ဆန္ဒပြပွဲက **မမြသွဲ့သွဲ့ခိုင်** ကျဆုံးမှုဟာ အာဏာသိမ်းဆန့်ကျင်ရေးဆန္ဒပြပွဲအတွင်း ပထမဆုံးသွေးမြေကျမှုဖြစ်ပါတယ်။ ဖိုဝါဒီကြီးဆိုးတဲ့ စစ်တပ်ကိုဆန့်ကျင်တဲ့အနေနဲ့ တော်လှန်သောအမျိုးသမီးများနဲ့ တသားတည်းရှိကြောင်းပြသတဲ့ ထဘီအလံထူ၊ ထဘီခေါင်းပေါင်းလှုပ်ရှားမှုတွေဟာလည်း ကျယ်ပြန့်ခဲ့ပါတယ်။ လက်ရှိအချိန်ထိတော့ မြန်မာပြည်ကအမျိုးသမီးတွေဟာ နွေဦးတော်လှန်ရေးရဲ့ တိုက်ပွဲကဏ္ဍအသီးသီးမှာပါဝင်နေပြီး ကျဆုံးသူ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးသူ၊ အကျဉ်းကျသူတွေအများအပြားရှိနေပါတယ်။ စစ်တပ်က မုဒိန်းကျင့်သတ်ဖြတ်လို့ သေဆုံးရတဲ့ ဝမ်းနည်းထိတ်လန့်ဖွယ် အဖြစ်ဆိုးတွေနဲ့လည်းရင်ဆိုင်နေရပါတယ်။



တော်လှန်ရေးရဲ့ကဏ္ဍနယ်ပယ်အသီးသီးက အမျိုးသမီးတွေပေါင်းစုပြီး Women Alliance Burma အနေနဲ့စုဖွဲ့လှုပ်ရှားမှုကို ၂၀၂၁ စက်တင်ဘာလ ၆ရက်နေ့မှာ စတင်ခဲ့ပါတယ်။ ဒါဟာလွန်ခဲ့တဲ့နှစ်တစ်ရာကျော်ကတည်းက နိုင်ငံရေးလှုပ်ရှားမှုတွေမှာ အမျိုးသမီးတွေရဲ့ စုစည်းတော်လှန်မှုသမိုင်းအမွေကို ခံယူတယ်လို့ ကောက်ချက်ချရမှာပါ။



လက်ရှိနွေဦးတော်လှန်ရေးမှာ ဖိုဝါဒီကြီးစိုးပြီး ရက်စက်ကြမ်းကြုတ်တဲ့ စစ်အုပ်စုကို ရဲရဲဝံ့ဝံ့တော်လှန်နေတဲ့ အမျိုးသမီးတွေရဲ့ အာဂသတ္တိ၊ တိုက်ပွဲဝင်စိတ်ဓာတ်ကိုအတိုင်းသား မြင်တွေ့နေရပြီး၊ ဒီပွဲဟာ တော်လှန်သောအမျိုးသမီးတွေရဲ့ တိုက်ပွဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကြာအောင် အရိုးစွဲ ခွဲခြားဆက်ဆံမှုတွေရှိနေတဲ့ မြန်မာပြည်မှာ အမျိုးသမီးတွေနဲ့ပတ်သက်ပြီး ဂုဏ်ယူမှု၊ လေးစားမှု၊ တန်ဖိုးထားမှုတွေ တိုးတက်လာတာ၊ ခွဲခြားမှုတွေလျော့နည်းလာတာဟာ နွေဦးတော်လှန်ရေးရဲ့ သိသာထင်ရှားတဲ့ အကျိုးရလာဒ်တွေဖြစ်နေပါတော့တယ်။

- (*Women Alliance Burma* တည်ထောင်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်)

# ဝတ္ထုတို

Winnie
(တော်လှန်သောအမျိုးသမီးတစ်ဦး)

**မီးရောင်** ဖျဖျလေးသာ လင်းသော အခန်းလေးရဲ့ထောင့်မှာ ဆေးလိပ်တစ်လိပ်မီးညှိပြီး တစ်ယောက်တည်းငုတ်တုတ်ထိုင်နေမိသည်။ စိတ်ဓာတ်တွေကျ၊ မွန်းကျပ်မှုတွေများလာတာနဲ့အမျှ ဆေးလိပ်ကအဖော် ဖြစ်လာတော့တာပါပဲ... အရင်ကသောက်တာထက်ကို ဆေးလိပ်ကိုပိုပိုသောက်မိလာတယ်။ ဒီတိုက်ခန်းလေးထဲ တစ်ယောက်တည်းနေရင်း၊ တစ်ယောက်တည်းတွေးရင်း၊ တစ်ယောက်တည်း စိတ်ဓာတ်ကျရင်း၊ တစ်ယောက်တည်းအားတင်းရင်းနဲ့ပဲ ယုံကြည်ရာအလုပ်ကိုဆက်လုပ်နေမိခဲ့တာပဲမလား။ ဒီဒဏ်တွေကို မခံနိုင်တဲ့အခါ ဆေးလိပ်လေးဖွာလိုက် ဘီယာလေး နည်းနည်းသောက်လိုက်နဲ့ ပေါ့လေ...

အိပ်မက်ဆိုးကနိုးလာခဲ့သော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်းထက် ဝမ်းနည်းခြင်း၊ နာကျည်းခြင်းနဲ့ အမုန်းတရားတွေကပိုတိုးလာပြီး အရိုးကျေကျေအရည်ခမ်းခမ်း ယုံကြည်ရာကိုအဆုံးထိ တစ်စိုက်မတ်မတ် ဆက်လုပ်သွားမှသာလျှင် အမေ့အတွက်၊ မမအတွက်၊ ကိုယ့်ဘဝအတွက်၊ ကွဲကြေခဲ့ရတဲ့မိသားစုဘဝအတွက် တန်မည်မဟုတ်လား။

ဆေးလိပ်ကို ခပ်ပြင်းပြင်းရှူရှိုက်လိုက်ရင်း... အတိတ်တွေက ပျော်စရာမိသားစုလေးကို ပြန်တွေးမိသည်။ တစ်ခါတလေကျတော့လည်း အတိတ်ကိုပြန်တွေးရင်းအားပြန်ယူရတာပါပဲ။ ဘယ်လိုနည်းနဲ့မှ ပြန်မရနိုင်တော့တဲ့အချိန်တွေအတွက် လျော်ကြေးတောင်းရမယ်ဆိုရင် ... ဒီအကြမ်းဖက်စစ်အာဏာရှင်တွေ အမြစ်ပြတ်မှပဲဖြစ်တော့မှာ ...

အမေ... အဖေမရှိတော့နဲ့အချိန်တည်းက သမီးလေးနှစ်ယောက်ကို သူတစ်ယောက်တည်းအားနဲ့ ပြုစုပျိုးထောင်လာခဲ့တယ်။ တချို့ကငယ်ရွယ်တဲ့အမေ့ကို နောက်အိမ်ထောင်ပြုကြဖို့ ဘယ်လောက်ပြောပြော သမီးတွေကို သူ့အားနဲ့ပဲ ပျိုးထောင်ချင်တယ်ဆိုပြီး တစ်ယောက်တည်းနေလာခဲ့တဲ့အမေ ...

အခုအမေမရှိတော့ဘူး... မမရော... ညီမက ဘယ်လောက်ပဲအနိုင်ကျင့်ပါစေ ... ဘယ်တော့မှအပြုံးမပျက်ဘဲ ညီမကိုဦးစားပေးချစ်ပေးခဲ့တဲ့ မမရော... မရှိတော့ပြန်ဘူး။ လောကကြီးထဲမှာ အခုငါတစ်ယောက်တည်း ... တစ်ကောင်ကြွက်ဖြစ်နေရတယ် ... တရားခံကတော့ အာဏာရူးတဲ့အကြမ်းဖက်တွေပဲပေါ့။

***********************************



"ဒေါက်ဒေါက် ... ဒေါက်ဒေါက်"

ည (၉)နာရီကျော်မှ အိမ်တံခါးခေါက်သံကြား၍ ဒေါ်ခင်ဝင်းတစ်ယောက် ဧည့်ခန်းထဲထိုင်ဘုရားစာရွတ်ရင်းမှ တံခါးထဖွင့်ရသည်။ သမီးအငယ်ခင်သန္တာ ပြန်လာခြင်းဖြစ်သည်။

မိခင်က သံပန်းတံခါးသော့ခလောက်ကို ဖွင့်နေတုန်း

ခင်သန္တာက

"အမေ... ခုနလမ်းထိပ်ကဝင်လာတော့ လမ်းထိပ်ဈေးဆိုင်က မောင်မောင်လေ သူတို့အိမ်ရှေ့မှာ ဘယ်ကလူတွေနဲ့ထိုင်ပြီး အရက်သောက်နေကြလဲမသိဘူး။ သူနဲ့ထိုင်နေတဲ့လူတွေက သမီးကို လိုက်ကြည့်ပြီးမိုက်တယ်ကွ ကြိုက်ချင်စရာကြီးဆိုပြီး ပါးစပ်သရမ်း လိုက်သေးတယ်... သူ့ကြည့်တော့ အသက်ကသချိုင်းကုန်းလှမ်းနေပြီကို..."

ဒေါ်ခင်ဝင်းက တံခါးဖွင့်ပေးရင်း

"သူများပြောလည်း ပြောချင်စရာပဲလေ... နင်ဝတ်စားထားတာကိုကြည့်ဦး... ဘောင်းဘီပေါင်ပြတ်နဲ့ အင်္ကျီကလည်းတိုတက်ပြီးခါးတွေက ပေါ်သေးတယ်။ အရက်ကလည်းသောက်လာသေးတယ်။ ပြောတဲ့သူကိုအပြစ်ပြောမနေနဲ့... ညည်းအိမ်ပြန်လာတဲ့အချိန်ကိုကြည့် ည (၉)နာရီကျော်နေပြီ။ ဒါတောင် ကိုဗစ်နဲ့မာရှယ်လောထုတ်ထားတာက (၁၀)နာရီမို့လို့၊ မဟုတ်ရင် (၁၁) နာရီ

(၁၂)နာရီတောင် ပြန်ရောက်မှာ မဟုတ်ဘူးမလား။ ဘယ့်နှယ့် အေ... မိန်းကလေးတစ်ယောက် အိမ်ပြန်လာရမယ့်အချိန်လား။ ဘယ် မိန်းမကောင်းမှ ဒီအချိန် အိမ်မပြန်ဘူး။"

"အမေကတော့ ခေတ်ပြားဟောင်းတွေဖွင့်ပြန်ပြီဗျာ။ ကိုယ့်သမီးကို ပါးစပ်အရသာခံပြီး စိတ်အနောက်အယှက်ပေးလိုက်တဲ့ကောင်တွေကို အပြစ်မပြောဘဲ သမီးကိုလာအပြစ်ပြောနေတယ်။ " ဟု ပြောရင်း ဧည့်ခန်းထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဟဲ့ ပြောရမှာပေါ့။ နေပုံထိုင်ပုံကိုလည်း ပြန်ကြည့်ဦး... အတိုအပြတ်တွေဝတ်စားပြီး ညသန်းခေါင်မှ အိမ်ပြန်လာတာ မိန်းမကောင်းလားပြော... နင်အနေအထိုင်မတတ်လို့ အဲ့လို အစော်ကားခံရတာလေ... နင့်အစ်မ ခင်သီတာကိုကြည့် မိန်းမပီပီသသနဲ့ အမြဲလုံလုံခြုံခြုံဝတ်စားပြီး သွားလာနေတာ နင့်လို ဘယ်တုန်းက အပြောခံရလို့လဲ။ နင်ပဲ အိမ်မှာဖြစ်ချင်တိုင်းဖြစ်နေတာ... မိန်းမတန်မဲ့ အရက်သောက်လိုက် အပေါင်းအသင်းနဲ့ ဘားသွားလိုက်နဲ့... နင်ဒါပဲလုပ်နေတာလေ... အဲ့အတိုင်းဆက်နေရင် နင်နောက်ဆို ပါးစပ်နဲ့တင် မဟုတ်ဘူး ကိုယ်ထိလက်ရောက်ပါ စော်ကားခံရမယ်... ဘာမှတ်နေလဲ"

"တော်ပြီအမေရာ... အမေတို့က တစ်စိတ်ရှိ မမနဲ့နှိုင်းပြီးပဲ လာပြောနေတာပဲ... အဲ့ဒါတွေမကြိုက်တာ... တဏှာရူးတဲ့သူက မိန်းကလေးတွေ အဝတ်အစားအတိုအပြတ်ဝတ်လို့ တဏှာရူးတာမဟုတ်ဘူး... အမေ့သမီးလို လုံလုံခြုံခြုံပဲဝတ်ဝတ်၊ ထဘီပဲ ခေါင်းအစ ခြေအဆုံးပတ်ထားထား တဏှာရူးနေမှာပဲ..." ဟု စိတ်ဆိုးမာန်ဆိုးပြောပြီး ဆောင့်အောင့်ကာ အိပ်ခန်းထဲဝင်သွားလေတော့သည်။

ဒေါ်ခင်ဝင်းတစ်ယောက်လည်း သက်ပြင်းချကာ သမီးငယ်အတွက် ရင်လေးနေမိတော့သည်။ သမီးလေးနှစ်ယောက်ရှိတာ သမီးကြီး ခင်သီတာအတွက် စိတ်မပူရ။ သူက အနေအထိုင်အေးဆေးသည်။ မိန်းမပီပီသသနေထိုင်ဝတ်စားတတ်သူဖြစ်သည်။ သူ့အလုပ်နဲ့ အိမ်နဲ့ကလွဲပြီး သူငယ်ချင်း၊ အပေါင်းအသင်းတွေနဲ့လည်း သိပ်အပြင်မသွားတတ်။ သွားလျှင်လည်း ဘယ်သွားမည်၊ ဘယ်လာမည် အမေဖြစ်သူကိုပြောပြတတ်သည်။ အိမ်ကို အမြဲစောစော ပြန်လာတတ်သည်။ သမီးငယ်ကတော့ အစ်မဖြစ်သူနှင့် ဆန့်ကျင်ဘက် အခုမှ တက္ကသိုလ်ကျောင်းသူဆိုတော့ အပေါင်းအသင်းကလည်း အတော်များတယ်။ အပေါင်းအသင်းတွေနဲ့ သွားသွားလာလာတွေကလည်း အမြဲ... ဘယ်သွားသွားတော့ မိခင်ဖြစ်သူကို ပြောပြတတ်ပေမယ့် အပြင်ထွက်သွားတိုင်း အခုလို အိမ်ပြန်နောက်ကျတတ်၍ မိခင်ဖြစ်သူမှာ သူပြန်မလာမချင်း မအိပ်ဘဲ ထိုင်စောင့်နေရတတ်သည်။

***********************************

ခင်သန္တာတစ်ယောက် မနက် (၄)နာရီမှာ တစ်ရေးနိုးလာသည်။ ခေါင်းအုံးဘေးမှာ ဖုန်းကိုယူကာ ဘာရယ်မဟုတ် facebook ကို ဖွင့်ကြည့်လိုက်မိသည်။ သတင်းတွေ... သတင်းတွေ... နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို စစ်တပ်က ဖမ်းသွားပြီး အာဏာသိမ်းလိုက်ပြီဆိုတဲ့ သတင်းတချို့ကိုတွေ့လိုက်ရသည်။ တုန်လှုပ်သွားမိပြီး အိပ်ရာမှ ငေါက်ခနဲထထိုင်မိသည်။ သတင်းအမှားဖြစ်မှာပါဟုတွေးနေတုန်း ကမ္ဘာ့သတင်းမီဒီယာဌာနကြီးများပါ တင်လာကြပြီဖြစ်သည်။ သွားပြီ။ ငါတို့နိုင်ငံတော့ သွားပါပြီဟု တွေးရင်း ဘေးမှာအိပ်နေသော အစ်မဖြစ်သူ ခင်သီတာကို လှုပ်နှိုးလိုက်သည်။

"မမ.. မမ... ထထ... မမ ထဦးလို့"

အစ်မဖြစ်သူမှာ အလန့်တကြားထလာပြီး

"ဟဲ့ ဘာဖြစ်လို့လဲ။ လန့်လိုက်တာအေ..."

"အေး ပိုလန့်ရမှာ... ဒီမှာ ငါ facebook ကြည့်တာ စစ်တပ်က အမေစုကို ဖမ်းသွားပြီး အာဏာသိမ်းလိုက်ပြီတဲ့။"

"ဟေ... ဟုတ်ပါ့မလားဟယ်... နင့်ဟာက... စစ်တပ်က လုပ်ရဲပါ့လား။ သူတို့လုပ်ချင်တိုင်း လုပ်လို့ရတာလည်း မဟုတ်ဘူးလေ... ရွေးကောက်ပွဲက အမေစုနိုင်တာ အသိအသာကြီးကို..."

"စစ်တပ်က လုပ်ရဲလို့ လုပ်သွားပြီလေ... ဒီမှာ သတင်းဌာနကြီးတွေကပါ တင်နေပြီရယ်"

"ဟယ်... အဲ့လိုဆို ငါတို့ တိုင်းပြည်တော့ သွားပါပြီဟယ်...."

ခင်သီတာကပြောရင်း သက်ပြင်းချပြီး ပြန်လှဲအိပ်လိုက်သည်။ သို့သော်လည်း ညီအစ်မနှစ်ယောက်လုံး အတွေးပေါင်း မြောက်များစွာဖြင့် အိပ်မပျော်ကြ။

မနက် (၇)နာရီ မီးဖိုခန်းမှ အသံကြားသဖြင့် ညီအစ်မနှစ်ယောက်လုံး အိပ်ရာမှထကာ မီးဖိုးခန်းထဲထွက်သွားကြသည်။ မနက်စာတောင် ထမင်းစားပွဲပေါ်မှာ အဆင်သင့်ဖြစ်နေပါပြီ။ အမေကတော့ ဟင်းချက်နေလေသည်။ ခင်သီတာကတော့ မျက်နှာသစ်ရန် ရေချိုးခန်းထဲဝင်သွားသည်။ ခင်သန္တာကတော့ စားပွဲပေါ်က ထမင်းကြော်တစ်ပန်းကန်ယူပြီး စားရင်း

"အမေ... အမေစုကို စစ်တပ်ကဖမ်းပြီး အာဏာသိမ်းသွားပြီတဲ့။ သတင်းတွေထွက်နေတယ်။"

"အေးလေ... သမီးရယ်... အမေလည်း ဈေးသွားရင်း

သတင်းတွေကြားခဲ့တယ်။ ဈေးထဲမှာလည်း အခြေအနေတွေ ဘာမှန်းမသိလို့ဆိုပြီး ဆန်၊ ဆီ၊ ဆားတွေ လုယက်ဝယ်နေလိုက်ကြတာအေ... လူတွေလည်း တစ်ခုခုဆို ကြောက်လန့်ပြီး အလုအယက်ဝယ်နေကြတာက မဟုတ်သေးပါဘူးအေ...”

ခင်သန္တာသည် မိခင်ကို ဘာမှပြန်မပြောတော့ဘဲ ဖုန်းတစ်လုံးနဲ့ သတင်းတွေသာ လိုက်ဖတ်နေမိတော့သည်။ မကျေနပ်ချက်တွေ၊ ဒေါသတွေ၊ စစ်တပ်ကိုလက်မခံနိုင်ကြောင်းတွေ facebook မှာ လူအများကတင်နေကြသည်။ ကိုဗစ်ကြောင့်နဲ့တောင် တိုင်းပြည်က ကျပ်တည်းခက်ခဲနေတဲ့အချိန် ပြည်သူလူထုကို မညှာတာ မစာနာဘဲ လုပ်ရက်လိုက်ကြတာ။

ဖေဖော်ဝါရီ (၂)ရက်နေ့မှာ ကိုဗစ်စင်တာများမှ ကျန်းမာရေး ဝန်ထမ်းများက အာဏာသိမ်းမှုကိုလက်မခံဘဲ စစ်တပ်လက်အောက်မှာအလုပ်မလုပ်နိုင်ကြောင်း ကိုပြ၍ CDM ပြုလုပ်ကြသည်။ ပညာရေးဝန်ထမ်းများ၊ မီးရထားဝန်ထမ်းများ တခြားသောဌာနဆိုင်ရာမှ ဝန်ထမ်းများလည်း CDM ပြုလုပ်လာကြသည်။ နောက်တစ်နိုင်ငံလုံးက စစ်မိစ္ဆာမကောင်းဆိုးဝါးများကို မောင်းထုတ်ကြမယ် ဆိုပြီး ည(၈) နာရီမှာ သံပုံးတွေတီးကြပြန်သည်။

ခင်သန္တာတို့ သားအမိသုံးယောက်လည်း အပါအဝင်ဖြစ်သည်။ ဒီလိုနဲ့ ဖေဖော်ဝါရီ (၅)ရက် (၆)ရက်မှာ ကျောင်းသားအချို့လမ်းပေါ်မှာ ဆန္ဒပြနေကြပြီဖြစ်သည်။

ခင်သန္တာက ဧည့်ခန်းထဲဖုန်းသုံးနေရင်း မိခင်ဖြစ်သူကိုမေးသည်။

“အမေ သမီးတော့ အိမ်ထဲထိုင်နေပြီး သံပုံးတီးနေရုံလောက်နဲ့ အားမရတော့ဘူး။ မနက်ဖြန် ဆန္ဒသွားပြရမလား။ မြေနီကုန်းတို့၊ လှည်းတန်းတို့ စုရပ်တွေကနေ ဆူးလေထိချီတက်မှာတဲ့။”

ခင်သီတာကလည်း

“သမီးလည်းသွားချင်တယ်အမေ” ဟုပြောသည်။

မိခင် ဒေါ်ခင်ဝင်းကလည်း

“အေး... သွားသင့်တယ်။ အမေက အသက်ကြီးတော့ လမ်းမလျှောက်နိုင်ဘူး။ သမီးတို့ဘာသာ သတိထားပြီးသွားကြ။ အမေကတော့ လမ်းထိပ်ကနေပဲ ရပ်ကွက်ထဲကလူတွေထွက်မှ လိုက်ထွက်တော့မယ်”

ဒီလိုနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ သန်းနဲ့ချီတဲ့ လူထုစုဝေးပွဲကြီးများ ဖေဖော်ဝါရီလထဲမှာ ဖြစ်ပေါ်လာခဲ့သည်။ လူတန်းစားပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံက ပြည်သူတွေ နိုင်ငံရေးသမားကြီးတွေ၊ ကျောင်းသားခေါင်းဆောင်တွေ၊ အနုပညာသမားတွေ အာဏာသိမ်းမှုကို လက်မခံကြောင်းကို ပုံစံမျိုးစုံဖြင့် ဆန္ဒပြကြသည်။ ခင်သန္တာတို့ ညီအစ်မနှစ်ယောက်လည်း ဆန္ဒပြပွဲများတွင် ရှေ့ဆုံးမှာ ပါဝင်ခဲ့ကြသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများသည်လည်း နိုင်ငံတကာတွင် သံရုံးများရှေ့၌ အာဏာသိမ်းမှုကို လက်မခံကြောင်း၊ စစ်တပ်ကို အရေးယူပိတ်ဆို့မှုလုပ်စေချင်ကြောင်းများ ဆန္ဒထုတ်ဖော်ကြသည်။ စစ်တပ်ဟာ ငြိမ်းချမ်းစွာဆန္ဒပြနေသည့် ပြည်သူလူထုကို မျက်ရည်ယိုဗုံးများ၊ ကျည်ဆံအစစ်များသုံးပြီး ဖြိုခွင်းမှုများ ပြုလုပ်လာသည်။ တစ်စ တစ်စဖြင့် ၂၀၂၁ နွေဦးတော်လှန်ရေးအတွက် အသက်ပေးသွားကြတဲ့ သူရဲကောင်းများသည်လည်း ပိုများလာသည်။ ဒီလိုနဲ့ လူထုစုဝေးပွဲတွေမလုပ်တော့ဘဲ မြို့နယ်အလိုက် သပိတ်စခန်းတွေဆောက်ကာ ဆန္ဒပြကြပြန်သည်။ ခင်သီတာနှင့် ခင်သန္တာသည် မိုးလင်းတာနဲ့ သပိတ်စခန်းသို့ ရောက်နေကြပြီဖြစ်သည်။ စစ်တပ်ရဲ့ ဖြိုခွင်းမှုများကြောင့် မိခင်ဖြစ်သူမှာ ဆန္ဒမပြတော့ဖို့ပြောသော်လည်း ညီအစ်မနှစ်ယောက်ကတော့ တက်ညီလက်ညီဖြင့် နေ့တိုင်း ဆန္ဒပြသည်။ ခင်သန္တာသည် သပိတ်စခန်းများတွင် ဒိုင်းကိုင်ပြီး စစ်တပ်၏ ဖြိုခွင်းမှုများကို ရှေ့ဆုံးကနေ ခုခံခဲ့သည်။ မတ်လ (၂၇)ရက်နေ့တွင် အကြမ်းဖက်စစ်တပ်ရဲ့ သပိတ်တွေကို ဖြိုခွင်းမှုကြောင့် တစ်နိုင်ငံလုံးမှာ အယောက် ၁၀၀ ကျော် အသက်ပေး စတေးခဲ့ကြရသည်။

ထို့နောက်တွင် လက်နက်ကို လက်နက်ဖြင့်ပြန်ခုခံမှုရမည်ဆိုသော လူကြီး၊ လူငယ်များသည် တောထဲဝင်သွားပြီး စစ်သင်တန်းများသွားတက်ကြတော့သည်။ နိုင်ငံရေးသမားများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ပြည်သူများသည်လည်း အဖမ်းခံရသူများက အဖမ်းခံရပြီး ၅၀၅(က) ဝရမ်းကြောင့် အိုးပစ်၊ အိမ်ပစ် ထွက်ပြေးကြရသူများလည်းရှိလာသည်။

ခင်သန္တာသည်လည်း သပိတ်စခန်းများ မလုပ်နိုင်တော့သည့်အချိန်တွင် ပျောက်ကျားသပိတ်များပြုလုပ်ကာ ဆက်ပြီးဆန္ဒပြသည်။ ခင်သီတာကတော့ ကျန်းမာရေးနည်းနည်းချူချာပြီး မပြေးနိုင်သောကြောင့် ပျောက်ကျားသပိတ်တွေကို မလိုက်ဖြစ်တော့ချေ။ ခင်သန္တာသည် ပို၍အတင့်ရဲလာသည်။ ပျောက်ကျားသပိတ်များတွင် ရှေ့ဆုံးမှ ဦးဆောင်ပြီးထွက်လေသည်။ အမျိုးသမီးသပိတ်ဆိုပြီးတော့ တစ်နိုင်ငံလုံးမှာ အမျိုးသမီးတွေဦးဆောင်ပြီး သပိတ်ထွက်တော့လည်း ခင်သန္တာသည် ပါဝင်ခဲ့ပြန်သည်။ အမျိုးသမီးတွေဆိုတာ အာဏာရှင်ကိုလည်းတော်လှန်ရင်းနဲ့ ရှေးရိုးစွဲဖိုဝါဒကြီးမှုတွေ၊ တလွဲစံနှုန်းတွေကိုပါ တပါတည်းတော်လှန်ရမယ်ဟု ရဲဘော်အချင်းချင်းပြောမိကြသည်။

ခင်သန္တာကတော့ "အဲ့လိုဆို ငါ့အမေကိုအရင်တော်လှန်ရမယ်"ဟု ဟာသလုပ်ပြီးပြောသည်။ ခင်သန္တာသည် သပိတ်ဦးဆောင်သူအဖြစ် လူသိများလာပြီး စစ်တပ်ကလည်း ရှာဖွေနေသူဖြစ်လာသောကြောင့် အိမ်မှာမနေရတော့ဘဲ ထွက်ပြေးတိမ်းရှောင်နေရတော့သည်။ ရန်ကုန်တွင်နေရန်ခက်ခဲလာသောကြောင့် အစ်မဖြစ်သူ ခင်သီတာထံသို့ ဖုန်းဆက်ပြီး တောထဲသွားတော့မယ့်အကြောင်း ပြောလေသည်။

"မမ... ငါ ရန်ကုန်မှာနေလို့မဖြစ်တော့ဘူး။ မဟုတ်ရင် ငါ ဒီမအေလိုးစစ်တပ်လက်ထဲ သေရလိမ့်မယ်။ အဲ့ဒါကြောင့် ငါတောထဲသွားပြီး စစ်သင်တန်းတက်တော့မယ်။ နင်တော့ ဒါတွေဘာမှ မလုပ်တော့ဘဲ အလုပ်ပြန်လုပ်ပြီး အမေ့ကို စောင့်ရှောက်ပါဟာ။ နင်ရော ငါရော မရှိရင် အမေသေသွားလိမ့်မယ်ဟ... ပြီးတော့ ငါ ဒီလိုထွက်သွားရင် အမေစိတ်ဆိုးမှာသေချာတယ်... နင်ကပဲ ပြောပြပေးဟာ..."

"အေးပါဟာ... ငါ အမေ့အနားမှာနေပြီး စောင့်ရှောက်ပါ့မယ်။ နင် ဘာမှစိတ်မပူနဲ့ နင့်ကိုယ်နင်ပဲဂရုစိုက်နော်။"

အိမ်မှာနေမရတော့၍ စပြီးထွက်ပြေးရတည်းက အမေက စိတ်တအားဆိုးခဲ့သည်။ အမေက ဆက်မလုပ်ဖို့ အတွင်တွင်တားနေသော်လည်း ခင်သန္တာကတော့ ခေါင်းမာစွာနဲ့ ယုံကြည်ရာကို ဆက်လျှောက်လာခဲ့သည်။ တကယ်တော့ အမေသည် လူကြီးတစ်ယောက်ဖြစ်တဲ့အတွက် သူ့သမီးတွေကို ဆုံးရှုံးရမှာကြောက်လို့သာ တားနေခဲ့ခြင်းဖြစ်သည်။ အမေ့သမီးငယ်သည်လည်း လူငယ်ပီပီခေါင်းမာခဲ့ပြီး အမေ့ကို အတိုက်အခံလုပ်၍ အိမ်ကထွက်ခဲ့ခြင်းဖြစ်သည်။ ဒေါ်ခင်ဝင်းသည် သမီးငယ် တောထဲထွက်သွားသည်ဟု သိရသည့်အချိန်မှစ၍ စိတ်ဆိုးကာ သတင်းစာထဲတွင် အမွေဖြတ်ကြော်ငြာ ထည့်လိုက်တော့သည်။

***********************************

ည (၁၂)နာရီကြီး အိမ်တံခါးကို တဒုံးဒုံးဖြင့်ထုနေသဖြင့် ဒေါ်ခင်ဝင်းသည် ကြောက်လန့်နေမိသည်။ သမီးကြီးနဲ့ အိမ်မှာ (၂)ယောက်တည်းရှိသဖြင့် ပို၍ကြောက်လန့်မိသည်။ အရင်ကတော့ ဒီအချိန်တွေဆို သမီးငယ် အိမ်ပြန်လာတတ်သဖြင့် သမီးငယ်များလားဟုလည်း မျှော်လင့်မိသေးသည်။ သမီးကြီး ခင်သီတာကိုနှိုးကာ အိမ်ရှေ့သို့ထွက်လာကြသည်။

အိမ်ရှေ့ရောက်မှ ယောကျ်ားတစ်ယောက်အသံကြားရသည်။

"မခင်ဝင်း... ကျွန်တော် ကျော်ကြီးပါ။ တံခါးလေးဖွင့်ပါဦး။"

ကျော်ကြီးဆိုသူမှာ အခုမှအသစ်ခန့်လိုက်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်ဖြစ်သည်။ လမ်းထိပ်ဈေးဆိုင်က မောင်မောင်၏ အဖေဖြစ်သည်။ သူတို့မိသားစုမှာ စစ်တပ်ကလူတွေနှင့် ဆွေမကင်း မျိုးမကင်းများဖြစ်ကာ စစ်တပ်အာဏာသိမ်းချိန်တွင် ရပ်ကွက်ထဲ ဖောင်းကြွနေသူတွေဖြစ်သည်။ ဒေါ်ခင်ဝင်းက အိမ်တံခါးကိုဖွင့်လိုက်သည်နှင့် သေနတ်တွေဖြင့်ချိန်ထားသော စစ်သားတွေမှာ လေး၊ ငါးယောက်ဖြစ်သည်။ ကျော်ကြီးမှာ

"မခင်ဝင်း တံခါးမြန်မြန်ဖွင့်မျာ... ခင်များသမီး ခင်သန္တာဘယ်မှာ လဲတစ်ခါတည်းပြော" ဟုအော်လေသည်။ ဒေါ်ခင်ဝင်းသည်လည်း ခြေလက်တုန်ယင်စွာဖြင့် သံပန်းတံခါးဖွင့်ပေးလိုက်ရသည်။ ခင်သီတာသည်လည်း မိခင်နောက်မှာ ရပ်နေရာမှ ထိတ်လန့်ကြောက်ရွံ့နေမိသည်။ တံခါးပွင့်သွားတာနဲ့ စစ်သားတွေအများကြီးဝင်လာကာ တစ်အိမ်လုံးမွှေနှောက်ရှာဖွေတော့သည်။ မိခင်ဒေါ်ခင်ဝင်းနှင့် သမီးခင်သီတာကိုတော့ ဒူးထောက်ထိုင်ခိုင်းကာ စစ်သားသုံးယောက်မှာ သေနတ်များဖြင့်ချိန်ထားလေသည်။ သားအမိနှစ်ယောက်မှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ဒူးထောက်ထိုင်နေရသည်။ ခင်သီတာသည်လည်း ခြေလက်များ အေးစက်ကာ မျက်ရည်များလည်းကျနေသည်။ စစ်သားများက မေးမြန်းရာ ခင်သန္တာမရှိတော့ကြောင်း၊ သူ့ကိုလည်း မိဘစကားနားမထောင်သဖြင့် အမွေဖြတ်ထားကြောင်း ဒေါ်ခင်ဝင်းကပြောသည်။ စစ်သားတစ်ယောက်သည် ခင်သန္တာရှိရာနေရာကို မေးမရ၍ ဒေါ်ခင်ဝင်းအား သေနတ်ဒင်ဖြင့် နှစ်ချက်၊ သုံးချက် ထုလိုက်သည်။

ကျော်ကြီးက "မခင်ဝင်း ခင်များသမီးနဲ့အဆက်အသွယ်ရတာနဲ့ အိမ်ကိုပြန်ခေါ်ထား... ကြားလား" ဟုပြောကာ စစ်သားများဘက်သို့လှည့်၍

"ဆရာတို့ ဒီနေ့တော့ စိတ်လျှော့လိုက်ပါမျာ... ဆရာတို့လိုချင်နေတဲ့ ကောင်မကို ရအောင် ကျွန်တော်ရှာပေးပါ့မယ်" ဟု ပြောလေသည်။

စစ်သားများနဲ့ အုပ်ချုပ်ရေးမှူးကျော်ကြီးတို့မှာ အိမ်ရှိ ပိုက်ဆံများနှင့် ရွှေများကို ယူပြီး ပြန်ထွက်သွားကြလေသည်။

ခင်သီတာမှာ ကြောက်လန့်စွာဖြင့်တံခါးထပိတ်လိုက်သည်။ ဒေါ်ခင်ဝင်းကတော့ ကြမ်းပြင်ပေါ်တွင်လဲကျလျက် ချုံးပွဲချ ငိုကြွေးနေလေတော့သည်။

***********************************

သင်တန်းတက်ပြီး (၃)လအကြာတွင်ရန်ကုန်သို့ ခင်သန္တာပြန်လာသည်။ တောထဲမှာစစ်သင်တန်းသွားတက်တော့မှ လက်နက်ကိုင်တော်လှန်ရေး၏ အခက်အခဲများကို ခင်သန္တာ နားလည်လာသည်။



သူ့အနေနဲ့တော့ သင်တန်းပြီးဆုံးအောင်တက်ခဲ့သော်လည်း လက်နက်ကိုင်တော်လှန်ရန် မဝံ့ရဲပေ။ လက်နက်ကိုင်တော်လှန်နေသော လူကြီး၊ လူငယ်၊ ကျား၊ မ၊ LGBT အားလုံးကိုတော့ သူစိတ်ထဲတွင် လေးစားနေမိသည်။ ဒါကြောင့် သင်တန်းပြီးချိန်တွင် ရန်ကုန်ပြန်လာပြီး ပျောက်ကြားသပိတ်များ အားလျော့နေချိန်တွင် တစ်ဖန်အားကောင်းလာအောင်လုပ်ဆောင်ရန်နှင့် ထောက်ပို့တာဝန်များ လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်သည်။ ရန်ကုန်သို့ ဘယ်သူမှ မသိအောင် လျှို့ဝှက်စွာပြန်လာခဲ့ပြီး စိတ်ချရသော ရဲဘော်တစ်ဦးမှ စီစဉ်ပေးထားသည့် safe house တွင် နေထိုင်ရင်း သပိတ်များ ပြန်ထွက်ရန် စီစဉ်တော့သည်။

သင်တန်းတက်နေစဉ် ဖုန်းအမြဲမကိုင်ရသဖြင့် အစ်မဆီ ဖုန်းမဆက်ဖြစ်တာ (၂)လ ရှိပြီဖြစ်သည်။ နေထိုင်ရမည့်အိမ်သို့ ရောက်ရောက်ချင်း အစ်မဖုန်းကို ခေါ်ကြည့်မိသည်။ ဖုန်းမကိုင်ပါ။ ထပ်၍လည်း မခေါ်ဖြစ်။ အင်တာနက် ဖွင့်လိုက်ချိန်တွင် messenger တွင် message များစွာဝင်နေသည်။ ငယ်ငယ်တည်းက နေခဲ့သည့် ရပ်ကွက်ထဲမှ ငယ်သူငယ်ချင်းတစ်ဦး ပေးပို့ထားသော စာကိုဖတ်မိပြီး လက်ထဲမှ ဖုန်း လွတ်ကျသွားခဲ့ရသည်။ မမ ဆုံးသွားတာ (၁)လရှိပြီတဲ့... မဖြစ်နိုင်တာ... မယုံကြည်နိုင်ပါ။ တုန်ယင်နေသောလက်များဖြင့် ဖုန်းကို ပြန်ကောက်၍ စာကိုဆက်ပြီး ဖတ်ရသည်။ မျက်ရည်များ တားမရဆီးမရ ပြိုကျလာတော့သည်။

အမေ့ဆီသို့ အပြေးသွားချင်သည်။ ဘာလုပ်လို့ ဘာကိုင်မှန်းလည်းမသိတော့... မမ မရှိချိန် အမေဘယ်လိုနေနေမလဲ။ ဘာတွေလုပ်နေမလဲ။ အတွေးများစွာနဲ့ မွန်းကျပ်လာရသည်။ ဖြစ်ချင်တာဖြစ်ပါစေတော့... ဦးထုပ်ကောက်ဆွဲကာ ထွက်ချလာလိုက်တော့သည်။ အမေ့အိမ်ရှေ့တွင် ငှားစီးလာသော ကားရပ်သွားသည်။ ကားပေါ်မှမြန်မြန်ဆင်းကာ ပတ်ဝန်းကျင်မှ ခင်သန္တာမှန်း မရိပ်မိခင် တိုက်ပေါ် မြန်မြန်ပြေးတက်လိုက်သည်။ အခန်းအရှေ့အရောက်တွင် တံခါးခေါက်ရန် တွန့်ဆုတ်နေမိသည်။ မိမိနေခဲ့သော အမြဲနွေးနွေးထွေးထွေးရှိခဲ့သော အမေ့ရဲ့ဆူပူကြိမ်းမောင်းသံများနဲ့ ဆူညံနေတတ်သော အိမ်သည် တိတ်ဆိတ်ခြောက်ကပ်နေသည်။ တံခါးခေါက်လိုက်ရင် အမေလာဖွင့်မှာလား။ မဖွင့်ဘူးလား။ သူ့ကိုတွေ့လျှင် အမေဘာပြောမလဲ။ အရင်လို ဆူပူကြိမ်းမောင်းနေဦးမလား။ အတွေးများစွာဖြင့် တံခါးခေါက်ရန် ချီတုံချတုံဖြစ်နေမိသည်။ ထိုအချိန်တွင် နောက်ကျောဘက်မှ "ဟေ့ ဘယ်သူလဲ" လို့ မေးသဖြင့် ထိတ်လန့်သွားရသည်။ အိမ်နီးနားချင်းတစ်ယောက်ယောက်များ မြင်သွားပြီး ခင်သန္တာမှန်းသိသွားလျှင် သူသည် ထောင်နန်းစံသွားရနိုင်သည်။ ကြောက်ကြောက်လန့်လန့်နဲ့ပင် ဖြည်းဖြည်းချင်း နောက်လှည့်ကြည့်ရသည်။ အမေ့ရဲ့အစ်မဖြစ်သူ ကြီးမေခင်ထွေးဖြစ်သည်။ ကြီးမေလည်း ထိတ်လန့်ပြီး "သမီး"လို့ ထအော်သဖြင့် ပါးစပ်ကို အမြန်လှမ်းပိတ်ရသည်။ ပြီးမှ ကြီးမေမှာ တံခါးမြန်မြန်ဖွင့်၍ အိမ်ထဲပေးဝင်သည်။

"ဘယ်လိုရောက်လာတာလဲသမီးရယ်... ပတ်ဝန်းကျင်က သိရင်... အထူးသဖြင့် လမ်းထိပ်က ကျော်ကြီးသိသွားရင် ညည်းအဖမ်းခံရမှာအေ..."

"မမ သတင်းကြားပြီးရောက်လာတာပါကြီးမေ... သမီးရင်တွေနာလိုက်တာ။ သမီးကိုလည်း အဖြစ်အပျက်တွေကို ပြောပြပါဦး ကြီးမေရာ..."

အိမ်ထဲရောက်ရောက်ချင်း အမေ့ကိုတွေ့ရမည်ဟုထင်ထားသော်လည်း မတွေ့ရ။ ကြီးမေကို မေးမိသည်။

"ကြီးမေ... အမေရောဟင်..."

"ထိုင်ခုံမှာ ခဏထိုင်ပြီး အမောဖြေဦးသမီးရယ်... ရော့ ရေသောက်" ဟုဆိုပြီး ရေတစ်ခွက်လှမ်းပေးသည်။ ကြီးမေ သောက်ခိုင်းလို့သာ သောက်ရတယ်။ စိတ်ကတော့ ကြီးမေပြန်ဖြေမှာကိုပဲ သိချင်နေမိတော့သည်။ မမအကြောင်း၊ အမေ့အကြောင်း၊ ဘာတွေ ဘယ်လို ပြောင်းလဲနေခဲ့လဲမသိ။ ကြီးမေက ဧည့်ခန်း ထိုင်ခုံမှာ ဝင်ထိုင်ရင်း...

"စစ်သားတွေ သမီးကို အိမ်မှာလာရှာကြတာ သမီးသိလား"

"မသိဘူးကြီးမေ... မမနဲ့ဖုန်းအဆက်အသွယ်မရတာ (၂)လောက်ရှိတော့မယ်။ သမီးလည်း တောထဲမှာ ဖုန်းသိပ်မသုံးရဘူး။ ပြီးတော့ အင်တာနက်လိုင်း၊ ဖုန်းလိုင်းတွေလည်း ပြတ်နေတာတွေရှိတော့ မမဆီဖုန်းဆက်ဖို့လည်း အဆင်မပြေလို့လေ"

"အေး... အဲ့စစ်သားတွေ တစ်ရက် သမီးကိုလာရှာကြတယ်။

သူတို့လာရှာပြီးနောက်ရက် ကြီးမေကို ဒီမှာလာနေဖို့ခေါ်လို့ ကြီးမေလည်း ရန်ကုန်ဆင်းလာခဲ့ရတာ… ကြီးမေတို့ (၃)ယောက် အေးအေးဆေးဆေးနေနေပေမဲ့အေ… တစ်ရက်ကျတော့…"

ကြီးမေအသံတိုးဝင်သွားသည်။ မျက်ရည်တွေလည်းကျနေသည်။ ကြီးမေကိုကြည့်ပြီး ခင်သန္တာလည်း မျက်ရည်များကျကာ

"မြန်မြန်ပြောပါ ကြီးမေရယ်… ဘာတွေဖြစ်ကုန်တာလဲ… သမီးရင်တွေပူပြီး ဆောက်တည်ရာမရလို့ပါ"

ကြီးမေက မျက်ရည်များသုတ်ရင်း

"တစ်ရက်ကျတော့… သမီးအစ်မ အလုပ်က ပြန်မလာခင် ဖုန်းဆက်တယ်။ အလုပ်နောက်ကျမယ်တဲ့… ပြီးရင် အလုပ်ကကားနဲ့ပြန်လိုက်ပို့လိမ့်မယ်တဲ့။ ကြီးမေနဲ့ သမီးအမေလည်း ည (၇) နာရီထိ ပြန်မလာသေးလို့ ဖုန်းဆက်တော့ ဖုန်းခေါ်တာဝင်ပြီး မကိုင်ဘူး။ အလုပ်များနေလို့များလားဆိုပြီး ထပ်မဆက်ဖြစ်ဘူး။ ည (၈) နာရီလောက်မှာ အမေက စိတ်ပူပြီး ဖုန်းထပ် ဆက်တော့လည်း ဖုန်းက လုံးဝမကိုင်ဘူး… ကြီးမေရော၊ သမီးအမေရော စိတ်တွေပူလွန်းလို့ သူ့အလုပ်က လူကြီးကို ဖုန်းဆက်မေးတော့ အလုပ်က (၇)နာရီခွဲဆင်းသွားတယ်တဲ့… သူ့ကို လမ်းထိပ်ထိ အလုပ်ကကားနဲ့ လိုက်ပို့ပေးခဲ့တယ်တဲ့လေ…"

ကြီးမေကတော့ မျက်ရည်ကျပြီးဆက်ပြောနေသည်။ ခင်သန္တာလည်း တုန်ယင်ကြောက်ရွံ့စွာနဲ့ပဲ ကြီးမေပြောသမျှ နားထောင်နေမိသည်။

"အဲ့ဒါနဲ့ကြီးမေတို့လည်း ပိုစိတ်ပူပြီး လမ်းထိပ်ထွက်စောင့်ရင်း၊ ဖုန်းတွေလည်း ဆက်တိုက်ခေါ်နေပေမယ့် မကိုင်တော့ ဘာလုပ်ရမှန်းလဲမသိဘူး။ အဲ့ဒါနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကျော်ကြီးကို သွားပြောရတာပေါ့အေ… သိတယ်မလား… ကျော်ကြီးက ညည်းကိစ္စနဲ့လည်း တို့အိမ်ကို ကြည်တာမဟုတ်တော့… ခင်မျှားသမီး လင်နောက်လိုက်သွားတာနေမှာပေါ့ဆိုပြီး အော်ထုတ်တယ်"

ကျော်ကြီးဆိုတဲ့ ငနဲကို စိတ်ထဲက ဒေါသထွက်မိသည်။

"ကြီးမေတို့ တစ်ညလုံးထိုင်စောင့်နေပေမယ့်… သမီးအစ်မ ခင်သီတာ အဲ့နေ့ညကစပြီး အိမ်ပြန်မလာခဲ့တော့ပါဘူးကွယ်…" ဟုပြောရင်း ကြီးမေ ငိုပြန်သည်။

"မမက ဘာဖြစ်သွားတာတလဲ။ ဘာလို့ပြန်မလာရတာလဲ ကြီးမေရဲ့… သေသွားပြီဆိုတာကရော ဘယ်လိုဖြစ်တာလဲ… ငိုမနေဘဲ သမီးသိအောင်လည်း ပြောပြပါဦးကြီးမေရာ…"

"အေး… နောက်နေ့မနက် ဟိုဘက်ရပ်ကွက်က ရေမြောင်းကျယ်ကြီးထဲမှာ အလောင်းတစ်ခု မျောနေတယ်ဆိုတဲ့ သတင်းတွေပြန့်နေလို့ ကြီးမေတို့တွေလည်း အပြေးသွားကြည့်ရတာပေါ့ကွယ်… အဲ့ဒီအလောင်းက… သမီးအစ်မ ခင်သီတာဖြစ်နေတော့တာပါပဲ သမီးရယ်…"

ကြီးမေမှာ အသံတိုးဝင်သွားပြီး ငိုနေပြန်တော့သည်။ ခင်သန္တာလည်း မျက်ရည်များကျနေမိရင်းကကို သိချင်သည်များကို ဆက်မေးရသည်။

"ဘယ်လိုဖြစ်ရတာလဲ ကြီးမေးရာ… သတင်းရော မစုံစမ်းဘူးလား။ ရဲစခန်းရော အမှုမဖွင့်ဘူးလား ကြီးမေရာ…"

"မလုပ်ဘဲနေပါ့မလား သမီးရယ်… ရဲစခန်းက သူ့ဘာသာ သတ်သေတယ်လို့ပဲ အဖြေထုတ်လာတယ်။ ကျော်ကြီးဆိုတဲ့ကောင်ကလည်း ခင်မျှားသမီးသူ့ဘာသာ သတ်သေတာကို ပုံကြီးချဲ့မနေနဲ့ဆိုပြီး ပြောတယ်။ ရပ်ကွက်ထဲလည်း ဒီကိစ္စ ဟိုဟိုဒီဒီ သတင်းတွေ လျှောက်ပြောရင် အကုန်ဖမ်းပြီး ထောင်ထဲထည့်ပစ်မယ်တွေ ဘာတွေ ကြိမ်းမောင်းသွားသေးတာ… အသက်ကြီးမှ ထောင်ထဲမနေချင်ရင် ပုံကြီးချဲ့မနေနဲ့တဲ့လေ… သူတို့က လက်နက်တွေနဲ့ ရမ်းချင်တိုင်းရမ်းနေကြတော့ ကြီးမေတို့လည်း ဘာတတ်နိုင်မှာလဲသမီးရယ်… ရပ်ကွက်ဆိုတာလည်း ဖြစ်တုန်းခဏပါပဲ… ကြာတော့လည်း မေ့သွားကြတာပေါ့လေ…"

ကြီးမေက စားပွဲပေါ်ချထားသော ရေခွက်ကို ယူသောက်လိုက်ပြီး စကားဆက်သည်။

"သမီးသူငယ်ချင်း ဖြူဖွေးရဲ့ အမေကတော့ သူမြင်လိုက်တာ ကြီးမေတို့ကိုလာပြောပြတယ်။ အဲ့နေ့ညက သမီးအစ်မ လမ်းထဲဝင်လာတဲ့အချိန် ဘေးမှာ ကျော်ကြီးသား မောင်မောင် ကပ်ပါလာတာတွေ့တယ်တဲ့လေ… ဒါပေမယ့် သူတို့လည်း ဖမ်းခံရမှာတွေ ဘာတွေကြောက်တော့ သက်သေတောင်မလိုက်ရဲကြဘူး။ ကြီးမေတို့ကရော မိန်းမသား နှစ်ယောက်တည်းအားနဲ့ ဘာကို ဘယ်လိုလိုက်ရမလဲသမီးရယ်… ဒီအချိန် ဒီကာလမှာ တရားမျှတမှုဆိုတာ ဘယ်နေရာမှာမှ ရှာလို့မရနိုင်တဲ့ အရာပဲလေ… သမီးအမေဆိုလည်း အရုပ်ကြိုးပြတ်ပါပဲသမီးရယ်… သမီးကလည်း သူ့စကားနားမထောင်။ အနားမရှိ။ သူအားကိုးရတဲ့ သမီးကလည်း ဒီလိုအဖြစ်ဆိုးမျိုးနဲ့ကြုံရတော့… သမီးအမေ ဘယ်လို အသက်ဆက်နိုင်မလဲ သမီးရယ်… အဲ့အချိန်တည်းက အိပ်ရာထဲလဲတော့တာပါပဲ"

"ဒါဆို အမေက အခုဘယ်မှာလဲဟင်။ သမီး အမေ့ကို အားနာလွန်းလို့ တွေ့ချင်လွန်းလို့ တောင်းပန်ချင်လွန်းလို့ သမီးရဲ့ လုံခြုံရေးတွေ ဘာတွေ မစဉ်းစားဘဲလာခဲ့တာ အမေက ဘယ်မှာလဲဟင်"

"သမီးအမေရှိပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်တည်းက ရန်ကုန်ဆေးရုံကြီးမှာ ဆေးရုံတင်ထားရတယ်။ အသက်ရှင်ဖို့တော့ ဆရာဝန်တွေက လက်လျှော့ထားရတဲ့အခြေအနေပဲသမီးရယ်... သူ့ရဲ့အသက်ငွေ့ငွေ့ကလေးက သမီးငယ်ကို မျှော်နေတာထင်ပါတယ်။ ကြီးမေလည်း သမီးကို ဘယ်လိုဆက်သွယ်ရမလဲဆိုတာ မသိဘူးလေ... အခု သမီးက စိုက်စိုက်မြိုက်မြိုက်ကို ရောက်လာတော့တာပဲ။ ကြီးမေ ဆေးရုံအတွက်လိုတာတွေ လာပြန်ယူလိုက်တာကိုက ကံကောင်းတာပဲပြောရမယ်။ မဟုတ်ရင် သမီးအမေတော့ သမီးလေးကို မတွေ့ရဘဲဖြစ်တော့မှာ..."

ခင်သန္တာ ရင်တွေနာလွန်းလို့ မျက်ရည်များတောင် ထပ်မကျနိုင်တော့ဘဲ ရင်ထဲမှာ တင်းကျပ် မွန်းကျပ်လာသည်။ ဒါတွေဖြစ်ရတာ... စစ်တပ်က အာဏာသိမ်းလို့ဖြစ်ရတာ... ငါ့ဘဝ၊ ငါ့အစ်မဘဝ၊ အမေ့ဘဝ၊ ငါတို့ သားအမိတွေရဲ့ဘဝ... ဒါတွေအားလုံး အကြမ်းဖက်စစ်တပ်ကကောင်တွေကြောင့်ဖြစ်ရတာ... အဲ့ဒီအာဏာရှင်တွေနဲ့ အကြမ်းဖက်မုဒိမ်းကောင်းတွေကို မုန်းသထက်ကို မုန်း၊ ရွံသထက် ရွံမိတော့သည်။ အံကိုသာ တင်းတင်းကြိတ်နေမိတော့သည်။

****************************************

အမေ့ကို တွေ့ချင်လွန်းသဖြင့် ကြီးမေနဲ့နှစ်ယောက် ဟိုဘက်လမ်းက ဘကြီးမှုံရဲ့ကားကို ခေါ်စီးရသည်။ ဘကြီးမှုံကတော့ အဖေ့သူငယ်ချင်းဖြစ်သည်။ စိတ်ချရပြီး ခင်သန္တာတို့အိမ်နဲ့က ဆွေမျိုးသားချင်းသဖွယ် အရင်တည်းက နေလာကြသူတွေဖြစ်သည်။ သူမောင်းတဲ့ကားလည်း ငယ်ငယ်တည်းကစီးလာကြတာဖြစ်သည်။ ဘကြီးမှုံက တိုက်ရှေ့ကားရပ်ရာတွင် ကားနောက်ဖုံးကို တိုက်ဘက်ကိုထားပြီး အဆင်သင့် မောင်းထွက်နိုင်ရန်ပြင်ထားခဲ့သည်။ ကားအနောက်ဖုံးကိုလည်းဖွင့်ထားပေးခဲ့ပြီး အိမ်ပေါ်တက်လာပေးသည်။ ကြီးမေက ဆေးရုံးယူသွားရန် ပြင်ဆင်ပေးထားသည့်များကို ကူသယ်ပေးပြီးဆင်းသည်။ ခင်သန္တာကိုတော့ သူ့နောက်ကကပ်လိုက်ခဲ့ပြီး ကားနောက်ဖုံးထဲကို တန်းဝင်ပြီး လှဲအိပ်နေလိုက်ဖို့ပြောသည်။ ခင်သန္တာလည်း ဘကြီးမှုံပြောသည့်အတိုင်း လုပ်ရင်း ကားနောက်ဖုံးထဲအိပ်နေရသည်။ ဘကြီးမှုံက အိမ်ပေါ်မှာ သယ်လာသော ပစ္စည်းများ ကားနောက်ဖုံးထဲချကာ တံခါးပိတ်လိုက်သည်။ ကြီးမေလည်း ကားရှေ့ခန်းထဲတက်လိုက်ပြီ။ ကားထွက်ပြီ။ ရပ်ကွက်နဲ့ဝေးရာရောက်မှပဲ ထထိုင်ကာ ကားနောက်ခန်းသို့ ကျော်ခွပြီး ပြောင်းထိုင်ရသည်။

ဆေးရုံတွင် အသက်ငွေ့ငွေ့ကလေးဖြင့် အမေ့ကို မြင်ရသည်မှာ နာကျင်ရသည်။ ရင်တစ်ခုလုံး စုတ်ပြဲကြေမွသွားသလို ခံစားရသည်။

အမေရဲ့ ပိုင်းစက်နေတဲ့ မျက်လုံးများနဲ့ ကြည့်နေပေမယ့် အမေ ပြုံးပြနေသလား၊ မဲ့ပြနေသလားဆိုတာ မဝေခွဲနိုင်တော့လောက်အောင် မျက်ရည်တွေ မျက်လုံးထဲပြည့်လျှံလာခဲ့သည်။ မကျမိအောင် ထိန်းသော်လည်း မရ။ အမေက လှုပ်လီ လှုပ်လဲ့ လက်ကလေးဖြင့် အားယူပြီး လက်ကာပြသည်။ ဘာပြောချင် ဘာလုပ်စေချင်မှန်းကို နားမလည်။ ကြီးမေက "သမီးကိုပြန်တော့လို့ပြောနေတာဖြစ်မယ်"ဟု ပြောပြသည်။ မပြန်ချင်ဘဲ အမေ့အနားမှာပဲနေချင်တော့သည်။ သို့သော်လည်း မဖြစ်နိုင် အမေ့အနားမှာအနေကြာတာနဲ့ အဖမ်းခံရနိုင်ချေက များနေတာမလား။ အဖမ်းခံရရင် ဘာမှဆက်လုပ်လို့မရတော့တဲ့အတွက် အဖမ်းမခံရအောင်လည်း နေထိုင်ရဦးမည်ဖြစ်သည်။ ကြီးမေက လာဖက်သဖြင့် ပိုငိုမိသည်။ "သမီးရယ်... သမီးရဲ့ လုံခြုံရေးအတွက် သမီးသွားသင့်ပြီထင်တယ်... သွားတော့နော်"ဟု ပြောသည်။ ယုံကြည်ရာတစ်ခုအတွက် ရှေ့ကိုဖွတ်တိုးလျှောက်လာခဲ့ပေမယ့် အခု အမေ့ကို မြင်ရတဲ့အချိန်မှာ နောင်တရချင်လာမိသလိုဖြစ်လာသည်။ သို့သော်လည်း နောက်ပြန်ဆုတ်ဖို့ရာ ခက်ခဲပြီး ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ခုက ဘယ်တော့မှ နောက်ပြန်မလှည့်ဘူးဆိုတာပါပဲ။ ဘကြီးမှုံရဲ့ကားနဲ့ပဲ... နေထိုင်ရမည့်အိမ် အနီးတစ်ဝိုက်သို့သာ ပြန်လာခဲ့သည်။ အိမ်ထဲရောက်သည်နှင့် ကြီးမေဖုန်းဝင်လာသည်။ အမေဆုံးပါပြီ။

စိတ်သည် ကြေသည်ထက်ကြေ။ အစိတ်စိတ်အမွှာမွှာဖြစ်ရသည်။ ဘာဆက်လုပ်ရမှန်း မသိတော့လောက်အောင် လမ်းပျောက်ရသည်။ တစ်ယောက်တည်း ပို၍ပို၍ အထီးကျန်လာသည်။ အော်ဟစ်ပေါက်ကွဲချင်တာတောင် မြိုသိပ်နေရသဖြင့် မွန်းကျပ်လာရသည်။ ကျောပိုးအိတ်ထဲက စီးကရက်တွေ ထုတ်ဖွာနေရင်းနဲ့သာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနေရတော့သည်။

မမ သေဆုံးသည်ကို မသိ။ ဘာကြောင့်ဆိုတာ မသိ။ အခုလည်း အမေ့ရဲ့ အသုဘကို သွားရောက်ခွင့်မရှိ။ အသက်မဲ့အမေ့ခန္ဓာကို ဖက်၍ ငိုကြွေးခွင့်မရှိ။ ကံကြမ္မာရယ် ဘယ်လိုအရှိန်မျိုးနဲ့များ ဒီလိုဝင်လာရပါသနည်း။ ဒီတော်လှန်ရေးပြီးတဲ့အထိ အချိန်လေးနဲနဲပါးပါးတော့ စောင့်ပေးသင့်တယ်မဟုတ်လား။

****************************************

အမေ့အိမ်ရှိတဲ့ လမ်းထိပ်မှာ မာဒံပင် တစ်ပင်ရှိတယ်။ မိုးဖွဲဖွဲရွာနေပြီး တစ်ရပ်ကွက်လုံး မီးတွေပျက် မှောင်မိုက်နေတဲ့ တစ်ညတော့... အဲ့အပင်အောက်မှာ ထီလေးဆောင်းပြီး ဆေးလိပ်

ထိုင် သောက်နေမိသည်။

မျက်စိရှေ့ကို ကားတစ်စီးဝင်လာတယ်။ ကားပေါ်ကနေ ထီးက လေးဖွင့်ပြီးဆင်းလာတာက မမခင်သီတာ... မမကို မြင်ရ၍ ပျော်သွားသည်။ မမကို လှမ်းခေါ်မိသည်။

"မမ... မမရေ... ညီမလေး ဒီမှာလေ မမ"

မမ မကြားပါ။ မမ လမ်းထဲဝင်သွားတော့... မမဘေးမှာ ကောင်လေးတစ်ယောက်တွေ့သည်။ ဟိုင်နဲ ကျော်ကြီးသား မောင်မောင်ပဲ... မမကို စိတ်ပူသွားသဖြင့် မမနောက်သို့ ခပ်မြန်မြန် လျှောက်လိုက်သော်လည်း မမှီ။ ခြေလှမ်းတွေကို ရှေ့တိုးပေမယ့် နောက်ရောက်နေသလို ခံစားရသည်။ မမနဲ့ မောင်မောင်ရဲ့ ပုံစံများကို မြင်နေရသည်။ မောင်မောင်က မမလက်ကိုကိုင်သည်။ မမက ရုန်းသည်။ မောင်မောင်က တစ်ခုခုဖြင့် မမကို ခြိမ်းခြောက်နေဟန်တူသည်။ ကိုယ်ကတော့ မောင်မောင်ကို ပြေးထိုးချင်သော်လည်း လူက မရွှေ့ဖြစ်နေသည်။ ဘာကြောင့်မှန်းမသိ မမနောက်ကို လိုက်လေ ဝေးလေ ဖြစ်နေသည်။

မောင်မောင်က မမလက်ကိုအတင်းဆွဲကာ ဟိုဘက်လမ်းကို ကူးသည့် နောက်ဖေးလမ်းအဖြတ်လေးထဲဝင်သွားသည်။ မမတို့နောက်သို့ အပြေးလိုက်ရသည်။ မောင်မောင်သည် မမကို တစ်ခုခုလုပ်တော့မည်ဆိုတာကို သိနေသည်။ မမကိုကယ်ရမည်။ ကိုယ်တွေနေထိုင်တဲ့လမ်းက ရှည်လျားသဖြင့် ဟိုဘက်လမ်း ဒီဘက်လမ်းကူးရန် လမ်းအလယ်လောက်တွင် တိုက်နှစ်လုံးကြားမှာ ဖြတ်ခင်းထားတဲ့ လမ်းဖြတ်ကလေးရှိနေသည်။ မောင်မောင်က အဲ့လမ်းအဖြတ်လေးကိုထဲ မမကို ဆွဲခေါ်သွားသည်။ အနောက်က ပြေးလိုက်ရသည်။ အဲ့လမ်းဖြတ်ရှေ့ရောက်တော့ မောင်မောင်အပြင် နောက်ထပ်ယောကျ်ားနှစ်ယောက်ကပါ မမကို ဆွဲလားရမ်းလား လုပ်နေသည်။ ယောကျ်ားနှစ်ယောက်သည် စစ်သားဝတ်စုံများနဲ့ သေနတ်များကိုင်ထားသည်။

"လာခဲ့စမ်းကောင်မ... နင့်ညီမကို မရတော့... နင့်ကိုပဲခေါ်သွားရမှာပေါ့"ဟု တစ်ယောက်ကပြောသည်။

မမရဲ့ ကြောက်ရွံ့နေမှုကို မြင်ရသဖြင့် နာကျင်ရပြီး "မမ" ဟု အသံကုန် အော်ဟစ်လိုက်သည်။ ဒါပေမယ့် ဘယ်သူမှ မကြား။ မမလည်းမကြား။ မောင်မောင်နဲ့ ဟိုစစ်သားနှစ်ယောက်လည်း မကြား။

မမမှာ ကြောက်လန့်သဖြင့် ငြိမ်သက်စွာနဲ့ စစ်သားတွေ ဆွဲခေါ်ရာပါသွားသည်။

စိတ်တိုရသည်။ ဒီလောက် အော်ခေါ်တာတောင် ဘယ်သူမှ ဘာလို့မကြားရတာလဲ။

တစ်ရပ်ကွက်လုံးကြားအောင် ထပ်အော်ပြောသည်။

"ကျွန်မအစ်မကို စစ်သားတွေဆွဲခေါ်သွားလို့ ကယ်ကြပါဦး" ဟု အော်နေသော်လည်း

တစ်ရပ်ကွက်လုံးက တုတ်တုတ်မျှ မလှုပ်ပေ။ မမတို့နောက်သို့ ပြေးလိုက်ရသည်။ စစ်သားတွေက မမကို လူအသွားအလာပြတ်တဲ့ (ခ)ရပ်ကွက်ထဲက ရေမြောင်းကြီးနားဆွဲခေါ်သွားကြပြီး မဖွယ်မရာ ပြုလုပ်နေကြသည်ကို မြင်ရသော်လည်း မမကို ကယ်မရ။ အော်မရ။ ငိုယိုပြီးတော့သာ ကြည့်နရပြီး "မမရေ... မမ" ဟု သာ အော်ခေါ် နေရသည်။ သို့သော် ဘယ်သူမှမကြား။

*************************************

အိပ်မက်ကလန့်နိုးတော့ တော်တော်လေးမောဟိုက်ပြီး အသက်ရှူ ကျပ်ရသည်။ ဘေးနားက ရေဗူးကိုယူသောက်ပြီး အမောဖြေရသည်။ အမေ့အိမ်ကထွက်လာတည်းက အိပ်မက်ဆိုးတွေက မက်နေကျ... မက်တဲ့အိပ်မက်တိုင်းက ကိုယ့်ကို စစ်သားတွေလိုက်ဖမ်းလို့ ပြေးရသည်ဆိုတာမျိုး၊ သဝိတ်တွေဖြိုခံရလို့ ပြေးရသည်ဆိုတာမျိုးတွေ သာ... အခုကျအိပ်မက်ဆိုးတွေက ပုံစံပြောင်းသွားသည်။ မက်လိုက် တိုင်း မမကို စစ်သားတွေဆွဲခေါ်သွားတာမျိုး၊ ကိုယ်က မမကို မြင်နေရပြီး မမကိုမကယ်နိုင်တာမျိုးတွေပဲ ခဏခဏမက်ပြီး ခဏခဏလန့်နိုးလာ ရသည်။ ကြာတော့ အိပ်ရမှာကြောက်လာသဖြင့် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေမိသည်။ကြာရင်ရူးသွားမလားတောင် မပြောနိုင်တော့။ ရဲဘော်ရဲဘက်တွေနဲ့ တော်လှန်ရေးကိစ္စတွေ ပြောကြဆွေးနွေးကြတဲ့ အချိန်လေးပဲ စိတ်သက်သာရာရသည်။ အခုလည်း ဒီအိပ်မက်ဆိုးပဲ မက်ပြီးနိုးလာရသည်။ အိပ်မက်တွေ စမက်ခါစကလောက် ကြောက်ရွံ့နေ ခြင်း တွေမရှိတော့ဘဲ အေးစက်တည်ငြိမ်လာသည်။ ဆေးလိပ်တစ်လိပ် မီးညှိပြီးတော့သာ ထိုင်နေမိတော့သည်။ ဒီဒုက္ခဆင်းရဲတွင်းက အမြန် ဆုံးလွတ်မြောက်ဖို့ဆို နည်းလမ်း (၂)ခုပဲရှိသည်။ သေလိုက်မလား။ အကြမ်းဖက်အာဏာရှင်တွေ မြန်မြန်အမြစ်ပြတ်အောင် လုပ်မလား ဆိုတာပါပဲ... တစ်ခါတလေ သေလိုက်ချင်သည်။ အမြဲအလုပ်အတူ လုပ်နေတဲ့ ရဲဘော်တစ်ဦးကို ငါသေလိုက်ချင်ပြီလို့ပြောတိုင်း သူက

"သေလိုက်ရင် အရှုံးပေးရာကျမှာပေါ့... သူတို့ကသေစေချင်နေ တဲ့အချိန်မှာ မသေအောင် နေနေတာကလည်း သူတို့ကို အနိုင်ယူနည်း တစ်မျိုးပါပဲ... သေတာက ချက်ချင်းလွတ်မြောက်သွားမှာ မှန်ပေမယ့်... ဆုံးရှုံးခဲ့ရတဲ့ စုတ်ပြတ်သွားရတဲ့ဘဝတွေအတွက် ဘယ်မှာလဲလျော် ကြေး... ဘာမှပြန်မရဘဲ ဖြစ်သွားမှာ...



ဒီအကြမ်းဖက်တွေ ဆီက လျော်ကြေးပြန်ယူရမယ်။ သူတို့ဘ၀တွေ ပြန်ပြီးစုတ်ပြတ်သွားတာကို လျော်ကြေးအဖြစ်နဲ့ အရသာခံထိုင်ကြည့်ဖို့ အသက်ရှင်နေပြီး ဒီစစ်မိစ္ဆာတွေ အမြန်ဆုံး အမြစ်ပြတ်အောင် ရှန်းရမယ်" တဲ့။

သူ့စကားနဲ့ပဲ... အားတင်းထားရင်း... အာဃာရှင်ကို ဆက်ပြီးတော်လှန်နေရသည်။ သုံးလိပ်မြောက် သောက်မိတဲ့ စီးကရက်လေးလည်း ကုန်သွားပြီ။ ထပ်သောက်စရာလည်း မရှိတော့ဘူး။ ကျန်နေတဲ့ စီးကရက်ဖင်စီခံလေးကို ကြည့်ရင်း အမေရှိရင်

"မိန်းကလေးတန်မဲ့ ဆေးလိပ်တွေသောက်နေပြန်ပြီလား"

လို့ဆူမှာကို တွေးမိတော့ ပြုံးမိသည်။ တကယ်တော့ ယောက်ျားမို့၊ မိန်းမမို့၊ LGBT မို့ဆိုပြီး ခွဲခြားဆက်ဆံတာတွေဟာ ဒီဘက်ခေတ်မှာ မရှိသင့်တော့ကြောင်း၊ အမျိုးသမီးတွေ မုဒိမ်းကျင့်ခံရတာဟာ အတိုအပြတ်တွေဝတ်လို့ မဟုတ်ကြောင်း၊ ခေတ်ခေတ် အဆက်ဆက် ဖိုဝါဒီကြီးဆိုးမှုတွေဟာ စစ်တပ်ရဲ့ ဝါဒမှိုင်းတိုက်တာတွေသာဖြစ်ပြီး ဒါတွေကို တပါတည်း တော်လှန်မှဖြစ်မယ် ဆိုတဲ့အကြောင်း အမေ့ကို ပြောပြခဲ့ချင် သေးတာပါ။

ဒါပေမဲ့ ပြောပြစရာ အမေမရှိတော့၊

ကိုယ့်ဘက်က ထောက်ခံပေးမယ့် အစ်မလည်း မရှိတော့ ....

************************************

**ပြီး**

(ယနေ့အချိန်ထိတိုင် စစ်အာဏာရှင်ဆန့်ကျင်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင် တော်လှန်နေသော အမျိုးသမီးများ၊ အကြမ်းဖက်စစ်တပ်၏ ယုတ်မာမှုများကြောင့် အသက်ပေးသေဆုံးခဲ့ရသော အမျိုးသမီးများအား လေးစားဂုဏ်ပြုရင်းရေးသားသည်။)

(မည်သူတစ်ဦးတစ်ယောက်၏ အဖြစ်အပျက်များမဟုတ်ဘဲ စိတ်ကူးဖြင့် ရေးသားခြင်း သာဖြစ်ပါကြောင်း)

# WAB

တိုက်ပွဲကြားမှာ မွေးဖွားလာသော **WAB**
ပြည်သူ့အသံ၊ပြည်သူ့ဆန္ဒကို တစ်ကမ္ဘာလုံး သိအောင်
မြန်မာတပြည်လုံး သိအောင် ဖော်ထုတ်ပေးတဲ့ **WAB**
အမျိုးသမီးဆိုတာ အိမ်ထောင်သားမွေးနဲ့ အလှအပတွေကိုဘဲ
အာရုံရှိတယ်လို့ရေးရိုးစွဲ အမြင်ရှိသူများကို စိန်ခေါ်လိုက်တဲ့ **WAB**
အမျိုးသမီးဆိုတာ -- အမျိုးသမီးဆိုတာ -- တွေကို ရိုက်ချိုးပြလိုက်တဲ့ **WAB**
ခေတ်အဆက်ဆက်တော်လှန်ရေး တိုက်ပွဲအသီးသီးမှာ
အမျိုးသမီးတွေ ပါဝင်ခဲ့ပေမဲ့
အမျိုးသမီးငယ်၊ တိုက်ပွဲဖော်တွေ ကိုယ်တိုင်ဦးဆောင်တဲ့
ကဏ္ဍသစ်ကိုဖော်ဆောင်၊ သမိုင်းသစ်ရေးထိုးနိုင်တဲ့ **WAB**
နီသော၊ရဲသော ဇာနည်မတွေရဲ့ **WAB** ကို လေးစားဂုဏ်ယူစွာဖြင့် အလေးပြုပါတယ်။
ပြည်သူအတွက်၊ အမျိုးသမီးတွေအတွက်၊ ဓမ္မ အတွက်၊
အနာဂတ်ဖယ်ဒရယ် ဒီမိုကရေစီ လူ့ဘောင်အတွက်
ဖော်ဆောင်ပေးနေတဲ့ **WAB**
ဇာနည်ညီအမများလည်း ဘေးကင်း၊ ရန်ကွာ စိတ်ရော ကိုယ်ပါ ကျန်းမာစွာနဲ့
အောင်ပွဲရတဲ့အထိတပ်ဦးကနေ ချီတက်နိုင်ကြပါစေလို့
ဂုဏ်ယူစွာဆုမွန်ကောင်းတောင်း အပ်ပါတယ်။

**Women Advocacy Coalition ( Myanmar)**

# တန်းတူဟူသည်

အဲနွေးကို ရေးသားသည်။



ယခုနှစ် အတွင်း ဤနိုင်ငံတွင် "တိုးတက်" မှုများ တိုးတက်လာသည်။ ဩော်..... မဟုတ်ပါ။ အကြမ်းဖက်စစ်ကောင်စီကို ကျွန်ုပ်မထောက်ခံပါ။ ကိန်းဂဏန်းဆိုးများ တိုးတိုးတက်လာခြင်းကို ဆိုလိုပါသည်။ ကုန်ဈေးနှုန်း၊ ရွှေဈေးနှုန်း၊ ဆီဈေးနှုန်းများ တက်လာသည်မှာ ဘဝင်သို့ပင် ရောက်ရာ၏။ တော်လှန်ရေးအတွင်း ကျဆုံးသူများ၊ ဖမ်းဆီးခံရသူများ တိုးလာပြီ။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ အဆိုအရ ၂၀၂၁ ခုနှစ် အာဏာသိမ်းချိန်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ ရက်အထိ (၂၁၈၉)ဦး ကျဆုံးခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း (၁၂၀၀၀)ဦး ဖမ်းဆီးချုပ်နှောင်ခံရကာ (၁၃၈၄)ဦးမှာ ထောင်ဒဏ်ချခံထားရသည်။ အာမခံဖြင့် (၂၂)ဦး လွတ်လာကာ ပြန်လွတ်လာသူဦးရေ (၃၀၇၅)ဦး ဖြစ်သည်။ မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျူ (ISP-Myanmar)၏အဆိုအရ အာဏာသိမ်းချိန်မှစကာ ဇူလိုင်လ ၁၅ရက်အထိ ဘာသာရေးအဆောက်အအုံများ အပါအဝင် နေအိမ်အဆောက်အဦများ(၂၈၀၀၀)ကျော် ဆုံးရှုံးခဲ့ရပြီ။ ယခုစာရေးချိန်တွင် ထို့ထက်များပေမည်။ ကျဆုံးသူများမှာ ကလေးငယ်များ၊ အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်လူရွယ် လူလတ်လူကြီး လူအိုများ ဖြစ်သည်။ ကျဆုံးသူအမျိုးသမီးများမှာ (၂၃၀)ဦးရှိသည်။ (မြေပြင်အခြေအနေတွင် ယခုထက်များနိုင်သည်။)

ကိုးနှစ်အောက်ကလေးငယ်များ မှသည် ရှစ်ဆယ်ကျော်အရွယ်အထိ ဖြစ်သည်။ အချို့မှာ ပြည်သူ့ဝန်ထမ်းများ၊ အချို့မှာ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၊ အချို့မှာ ဆရာမများ၊ အချို့မှာ ကျောင်းသူများဖြစ်၏။ ဆန္ဒပြရင်း "ခေတ်ပြောင်းချင်ရင် ခေါင်းကိုပစ်" စကားကို ကိုယ်တွေ့ကြုံခဲ့ရသူများ၊ ဖမ်းဆီးခံရကာ သေသည်အထိ ရိုက်နှက်ခံရသူများ၊ အကျဉ်းကျစဉ်ကွယ်လွန်သူများ စသည်ဖြင့် အမျိုးမျိုး ကြွေလွင့်ခဲ့ရသူများဖြစ်သည်။ သေဒဏ်ချခံရ (၈၃) ဦးတွင် (၈)ဦး အမျိုးသမီးဖြစ်သည်။

သို့တိုင်အောင် အမျိုးသမီးများ ဆက်လက်တွန်းလှန်လျက်ရှိချေ၏။ ယနေ့တိုင်အချို့ဆန္ဒပြလျက်။ ယနေ့တိုင်အချို့ သပိတ်မှောက်လျက်။ နိုင်ငံရေးအကျဉ်းသားများကို သေဒဏ်ပေးမှုကို အိုးဘိုထောင်မှ ကျောင်းဆရာမတဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအချို့ အစာငတ်ခံဆန္ဒပြခဲ့သည်ဟု သိရသည်။ ယနေ့တိုင်အချို့လုပ်ငန်းခွင် ပြန်ဝင်သော်လည်း CDM ဝန်ထမ်းအများအပြား ကုန်ဈေးနှုန်းမြင့်မြင့် ကြားတွင်ပင် စစ်အာဏာရှင်ကို အန်တုကြတုန်း။ အချို့ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများမှာ အွန်လိုင်းပညာရေး သင်ကြားရေးကို ဆောင်ရွက်နေသည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားအများလည်း ကျွန်ပညာရေးကို သပိတ်မှောက်လျက်ပင်။

"Myanmar now" သတင်းတပုဒ် မြင်လိုက်မိပါ၏။ "သမီးကျသွားတော့ အမေဆက်တိုက်မယ်"။ ထိုမိခင်မှာ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်မှ အမျိုးသမီးတဦးဖြစ်သည်။ မိခင်၏ (၁၃) နှစ်အရွယ်သမီးငယ်မှာ စစ်သင်တန်းတက်ပြီးနောက် အစ်မဝမ်းကွဲ (၁၄နှစ်) နှင့်အတူ ဆေးသင်တန်းတက်ရန် အသွားလမ်းခရီးတွင် စစ်တပ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ "ကျွန်မကတော့ ဆက်လုပ်မယ်၊ လက်နက်ကိုင်ပြီး ရှေ့တက်ရမယ် ဆိုလည်း လိုအပ်ရင်လုပ်မှာပဲ" ဟု မိခင်ဆိုသည်။



နိုင်ငံတဝန်းအမျိုးသမီးများသည် အထက်ပါ မိန်းကလေးငယ်ကဲ့သို့ပင် လက်နက်စွဲကာတိုက်လို၍ လွတ်မြောက်နယ်မြေများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များတွင်ရောက်ရှိနေသည်။ အမျိုးသားများနည်းတူ အပင်ပန်း အဆင်းရဲခံကာ လေ့ကျင့်နေကြသည်။ အချို့ဆိုလျှင် အမျိုးသားမလုပ်နိုင်သော စွမ်းဆောင်ရည်မျိုး နှင့်လုပ်သည်ကိုတွေ့ရသည်ဟု သင်တန်းဆရာတဦးက ဆိုသည်။ အမျိုးသမီးများသာ လစဉ်သီးသန့်ခံစားရသော ဒုက္ခများကိုခံ၍ အလုအပများကိုလည်း အရေးမကြီးနိုင်ဘဲ နေကြသည်။

အဆိုပါ အမျိုးသမီးများတွင် ကျောင်းသူများ၊ ဆရာမများ၊ လယ်သမများ စသည်ဖြင့်အမျိုးမျိုးပါဝင်၏။ အချို့သော CDM သူနာပြုများမှာမူ ရှေ့တန်းဆေးတပ်သားများ ဖြစ်လာကြသည်၊ တော်လှန်ရေးတပ်သားများကို ပညာများမျှဝေကြသည်။

ယခုတော်လှန်ရေးသည် တိုင်းပြည်သမိုင်းတွင် မကြုံဖူးအောင် ထူးကဲသည်ဟု အချို့ဆိုသည်။ ခေတ်နဲ့ အံမကိုက်သော အတွေးအခေါ် အယူအဆအလွဲများ ကိုလည်း တွန်းလှန်လာသည်။ အာဏာ မသိမ်းခင်ကတည်းက ကျား၊မ တန်းတူအခွင့်အရေးအတွက် လှုပ်ရှားခဲ့ကြသည်။ အာဏာသိမ်းခါတွင်လည်း ကျားနှင့်မခြား ရဲခဲ့ကြသည်။ သို့ဖြစ်ရကား မိန်းမဟူသည် အောက်မကျ၊ မနိမ့်ပါ၊ တန်းတူပင်။ တန်းတူဟူသည် မည်သည့်နည်း။

"ထဘီတန်းအောက်မှသွားလျှင် ဘုန်းနိမ့်မည်" ဟု ထင်ပါသလား။ သို့ဖြစ်လျှင် ပုဆိုးတန်းအောက်သွားလျှင်ကော ဘုန်းတန်ခိုးတိုးလာပါမည်လား။ အမှန်မှာ မည်သည့်တန်းအောက်သွားသွား ဘုန်းနိမ့်မည်ဘုန်းမြင့်မည်မဟုတ်။

"အဝတ်အစားတို့နံ့ကြောင့်၊ ဘာပေါ်ညာပေါ်သောကြောင့်" မုဒိမ်းမှုများ တိုးလာသည်ဟု မှတ်ပါသလား။

ရင်ဖုံးနဲ့ ချိတ်ထဘီနဲ့ဆို မုဒိမ်းအကျင့်မခံရပါဘူးလို့ အာမခံနိုင်ပါမည်လား။ မုဒိမ်းကျင့်ခြင်းသည် မှားသည်၊ဆိုးသည်။ ဤမှားသော ဆိုးသောအလုပ်ကို မည်သည့်အကြောင်းပြချက် ပေးစေကာမူမှား သည်။ မိဘများအနေဖြင့် သားသမီးသိတတ်စအရွယ်ကတည်းက အသိပညာပေးသင့်၏။

အမျိုးသမီးတဦးကို စတင်ရိုက်နက်ခြင်းမပြုသင့်ကြောင်းပါ ဆုံးမသင့်ကြသည်။ အိမ်တွင်းအကြမ်းဖက်မှု အများစုမှာလည်း အမျိုးသားတို့ ကျူးလွန်သည်များလေသည်။ ယေဘုယျအားဖြင့် မိန်းမမှာ ယောကျ်ားထက် အားအင်နည်းလေရာ အားကြီးသူအမျိုးသားက အားနည်းသူအမျိုးသမီးကို စရိုက်ခြင်းသည် အနိုင်ကျင့်ခြင်းပေပင်။

မိန်းမက ယောကျ်ားကို စရိုက်သည်လည်းရှိ၏။ မည်သူကမည်သူ့ကို အကြမ်းဖက်ခြင်းမှ မကောင်းပါ။

"ယောကျ်ားတန်မဲ့ သဘောထားမကြီး၊ မနာလိုဝန်တိုသည်၊ မိန်းမနင့်တုပြောသည်။ ကက်ကက်လန်ရန်တွေ့သည်"ဟု ပြောပါတုန်းလား။ သေးသိမ်သောသဘောထား၊ မနာလိုစိတ်၊ ရန်တွေ့ခြင်းတို့သည် ယောကျ်ားများတွင်ပါ တွေ့နိုင်သော်လည်း အထက်ပါစကားအရ မိန်းမများသာ သဘောထားသေးသိမ်သည်၊ မနာလိုတတ်သည်၊ ကက်ကက်လန် ရန်တွေ့တတ်သည်ဟု မှတ်ယူရမည် ကဲ့သို့ရှိ၏။

တန်းတူအခွင့်အရေး လှုပ်ရှားသူအမျိုးသမီးများသည် ထိုင်ခုံမပေးသော YBS ပေါ်မှ ယောကျ်ားကို မငြိုငြင်သင့်ပေ။ မိမိကိုယ်ဝန်ဆောင် မထားရလျှင်၊ သက်ကြီးရွယ်အိုမဟုတ်လျှင်၊ မဖွယ်မရာ လုပ်ခံနေရသော အခြေအနေမျိုးမဟုတ်လျှင် ထိုင်ခုံမှ ထရန် ထိုအမျိုးသား၌ တာဝန်မရှိပေ။

ရည်းစားများတွေကြလျှင်လည်း နှစ်ဦးလုံးပင် ငွေသုံးနိုင်ပါလျက် အမျိုးသားကသာ ကျသင့်ငွေပေးရန် တာဝန်မရှိပေ။

စုံတွဲတတွဲ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ အိမ်ထောင်ပြုရာတွင်လည်း ယောကျ်ားဘက်က တင်တောင်းရသည်မှာ မဖြစ်သင့်လှပေ။ လူတဦးနှင့်တဦး ချစ်သည်၊ လက်ထပ်သည်၊ မည်သည့်ကြောင့် တင်တောင်းရပါမည်လဲ။ အချို့ဒေသတွင် "မိခင်နို့ဖိုး"ဟူ၍ ပေးရ၏။ မိခင်သည် ဤသမီးလေးရကတည်းက "ငါဒီသမီးကိုနို့တိုက်မယ်၊ ဒီသမီးအိမ်ထောင်ပြုရင် နို့ဖိုး ဒီလောက်ရမယ်"ဟူ၍ တိုက်ကျွေးခဲ့ခြင်းပေလော။ မိခင်မေတ္တာကြောင့်သာ တိုက်ကျွေးခဲ့ခြင်း ပေလော။ မိခင်မေတ္တာကြောင့် ဆိုလျှင် မိခင်မေတ္တာကို တန်ဖိုးဖြတ်နေသည်ဟု မခံစားရပေသလော။

အချို့က "မိမိသမီးကို တင့်တောင့်တင့်တယ် မြင်စေလို၍"ဟု ဆိုသည်။ မိမိသမီးကိုယူပြီးမှ မွဲမသွားပါဘူးဟု မည်သူက အာမခံပေးမည်လဲ။ ရှိစေတော့ အနည်းဆုံးတော့ မင်္ဂလာဆောင်ချိန် တင့်တောင့်တင့်တယ် ရှိလောက်တဲ့ ပိုင်ဆိုင်မှု မျိုးကို ပြစေလို၍ တင်တောင်းစေသည်ပေါ့။ မိမိသမီးကို မိမိတန်ဖိုး ဖြတ်လိုက်သကဲ့သို့ဖြစ်သည်ကို မသိသလော။ သို့ဖြစ်၍ "မိန်းမကိုပစ္စည်းကဲ့သို့ သဘောထားခြင်း"ကို ဆန့်ကျင်သူများ အနေဖြင့် တင်တောင်းရသောငွေကို မနစ်မြှုက်သင့်ပေ။

တင်တောင်းငွေကို သမီးအား ပြန်မပေးလျှင်လည်း မိမိသမီး မိမိရောင်းစားခြင်းပင်။ ယခင်က အချို့ဒေသများတွင် အနည်းဆုံး သိန်းအစိတ်ခန့် ပေါက်ဈေးရှိ၏။ ယခုတော့ ကုန်ဈေးနှုန်းများ ထိုးတက်လာပြီ ဖြစ်ရကား ကြမ်းခင်းဈေးသိန်းတရာဟု ခန့်မှန်းလျှင်လည်း လွန်အံ့မထင်ပါ။

မိန်းမ ယောကျ်ား လိင်တူ၊ လိင်ကွဲစိတ်ဝင်စားသူ LGBTQIA+ တို့ပါ လူသားများဖြစ်ကြသည်။ မဖြစ်၍ ကျားဖြစ်၍ ဘာဖြစ်၍ ညာဖြစ်၍ ဘယ်အခွင့်အရေးကိုမရဟူသည် ဖြစ်သင့်ပါသလား။ မည်သူက မည်သည့်လိင်ဖြစ်၍ အခွင့်ထူးခံရသည်မှာ ဖြစ်သင့်ပါသလား။

စစ်အာဏာရှင်အောက်မှ လွတ်မြောက်ကာ ကျားမ မဟူ တန်းတူညီမျှသော နိုင်ငံဖြစ်မြောက်စေရန် တော်လှန်ရေးကို အစွမ်းကုန်ကူညီနိုင်ကြပါစေဟု မျှော်လင့်မိပါသည်။

---

# အမျိုးသမီး မဟာမိတ်အင်အားစု မှ ရဲဘော်များ၏ အမှတ်တရစကားများ

"အမျိုးသမီး တွေမပါရင်
ဒီတိုက်ပွဲက မအောင်နိုင်ပါဘူး"

ဆိုတဲ့ စကားအတိုင်း WABက အမျိုးသမီးတွေကလည်း တစ်ထောင့်တစ်နေရာကနေ တော်လှန်စိတ်အပြည့်နေနဲ့ တော်လှန်နေကြဆဲပဲ ဖြစ်ပါတယ်။ အကြမ်းဖက်စစ်တပ်နဲ့ အာဏာရှင်ယန္တယားတစ်ခုလုံး အမြစ်ပြတ်သည်အထိ တိုက်ပွဲဝင်တော်လှန်နိုင်ဖို့ အမျိုးသမီးတို့ အားတင်းထားကြပါစို့လို့ပြောချင်ပါတယ်။

— သော်သော်

တော်လှန်ရေးလုပ်တဲ့နေရာမှာ အမျိုးသမီးတွေဟာဆိုရင် ဒီလောက်ထိ လုပ်နိုင်မယ်လို့ မထင်ခဲ့ကြပါဘူး။ ဒီထဲမှာမှ WABက အမျိုးသမီးသမီးတွေဟာလဲ အာဏာရှင်စနစ်ကို ဘက်ပေါင်းစုံမှ တိုက်ထုတ်နေကြပါတယ် အာဏာရှင်ပြုတ်ကျသည် အထိ တိုက်ထုတ်နေကြအုံးမှာပါ ဘယ်အရာမှာလွယ်လွယ် နဲ့မရနိုင်လို့ ကျမတို့ အမျိုးသမီးတွေ အားတင်းပေးထားကြပါ စိတ်ဓာတ်တွေ ခိုင်မာစွာနဲ့အတူ လက်တွဲတိုက်ထုတ်ကြပါစို့လို့ ပြောချင်ပါတယ်။

— အိစံ

ဒီတော်လှန်ရေးက စစ်အာဏာရှင်နဲ့တကွ အာဏာရှင်တွေအားလုံးကိုရော၊ အာဏာရှင်ဆန်တဲ့ အတွေးအခေါ်အယူအဆအားလုံးကိုရော အမြစ်ဖြတ် တော်လှန်ဖျက်ဆီးပစ်ရမယ့်
တော်လှန်ရေး ပါ။

လူမျိုး၊ဘာသာ၊ ကျား၊မ၊ LGBT မခွဲခြား မကွဲပြားဘဲ ကျွန်မတို့လိုချင်တဲ့ တရားမျှတမှုရှိတဲ့ သာတူညီမျှမှုရှိတဲ့ စစ်မှန်တဲ့
ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် ကို

မရသရွေ့ ကျွန်မတို့ အမျိုးသမီးမဟာမိတ်အင်အားစုက ရဲဘော်တွေ နဲ့အတူ ကျွန်မတို့ နိုင်တဲ့နေရာကနေ အဆုံးထိ ဆက်တိုက်သွားပါမယ်...

ကျွန်မတို့ အသက်တွေ ဘဝတွေ သေဆုံးသွားခဲ့ရင်တောင် တရားမျှတခြင်းနဲ့ လွတ်လပ်ခြင်း ကတော့ ရှင်သန်စေရမယ်....

"လူထုအရေးတော်ပုံ မုချအောင်ရမည်"

— မမေဇင်မွန်

ကျမတို့အမျိုးသမီးတွေ ဒီတိုက်ပွဲမှာ ရတဲ့နေရာကနေရသလိုလို ဒီတော်လှန်ရေးကြီး အောင်မြင်သည်အထိ ဆက်လက်တိုက်သွားကြမယ်။

လူထုအားလုံး ခဏဘဲ့ ဆက်တောင့်ခံထားပေးပါ။

ပြိုင်တူတွန်းလှုပ်ရွေ့နိုင်ပါသည် ဆိုတဲ့အတိုင်း ကျမတို့အားလုံး လက်တွဲညီညီနဲ့ ဆက်လက်တိုက်ပွဲဝင်ကြမယ်လို့ တိုက်တွန်းတောင်းဆို အပ်ပါတယ်။

— မအိတွေး
(သရက်ချောင်း)

တော်လှန်ရေးရဲ့ တစ်နှစ်ကျော်ကြာလာတာနဲ့မျှ အမျိုးသမီးရဲဘော်တွေ အားတင်ထားကြပါ နိုင်ပါ့မလားဆိုတဲ့စိတ်နဲ့ စခဲ့တာမဟုတ်လို နိုင်ကိုနိုင်ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဆက်တိုက်ပေးကြပါ။ WABရဲ့ တစ်နှစ်ပြည့်မှသည် နောက်နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲနိုင်ပါစေ။

အရေးတော်ပုံ မုချအောင်ရမည်။

— မဖူးပွင့်ဝေ

# အမျိုးသမီး မဟာမိတ်အင်အားစု မှ ရဲဘော်များ၏ အမှတ်တရစကားများ

WAB ဟာ စတင်ဖွဲ့စည်းတည်းကနေ တစ်နှစ်တာအတွင်းမှာ အခက်အခဲတွေ အနည်းနဲ့အများ ကြုံတွေ့ခဲ့ကြပေမယ့် အခုချိန်ထိ ခိုင်ခိုင်မာမာရပ်တည် နေနိုင်သေးတဲ့အတွက် ဂုဏ်ယူမိပါတယ်။ WAB မှာပါဝင်တဲ့ လူငယ်အမျိုးသမီးတွေရဲ့ ကွဲပြားဆန်းသစ်တဲ့ အမြင်နဲ့ လုပ်နိုင်စွမ်းတွေကို ဆက်လက်အသုံးချပြီး မှန်ကန်တဲ့ ရပ်တည်ချက်နဲ့ ဆုံးဖြတ်ချက်တွေ နဲ့အတူ တော်လှန်ရေးရဲ့အလွန် ကာလများအထိ ဆက်လက်ရပ်တည်နိုင်စေဖို့ ဆန္ဒပြုပါတယ်။

— ပန်ပန်

အမျိုးသမီးတွေရဲ့ စိတ်ဓာတ်၊ စွမ်းရည်နဲ့ အရည်အချင်းတွေကို အမြဲနှိမ့်ချပြီး မြင်တတ်ကြတဲ့ လူ့ပတ်ဝန်းကျင်ထဲမှာ ကျွန်တော်တို့ အမျိုးသမီးတွေဟာ တော်လှန်ရေးရော နယ်ပယ်ပေါင်းစုံမှာပါ အလုပ်တွေအများကြီးလုပ်ရင်း လူ့ပတ်ဝန်းကျင်ကို အကျိုးပြုဖို့ တတ်စွမ်းသမျှ ကြိုးပမ်းနေကြပါတယ်။ ဆက်လက်လည်း ကြိုးပမ်းနေကြဦးမှာပါ။

ဒါ့ကြောင့် အမျိုးသမီးတွေကို ယုံကြည်ပေးကြပါ။ တန်ဖိုးထားပေးကြပါ။ ကျွန်တော်တို့ အမျိုးသမီးတွေကလည်း တော်လှန်ရေးအတွက် မရှိမဖြစ်တဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် အောင်မြင်သည်အထိ ဆက်လက်ပါဝင်နေကြမှာပါ။

— နန်းခိုင်

သောက်တလွဲနိုင်ငံတော်မှာ အမျိုးသမီးတွေကို တဆင့်နှိမ့်ချ ဆက်ဆံထားတဲ့ မည်သည့်စံနှုန်းစံထား၊ အယူအဆ အတွေးအခေါ် မဆိုဖြိုဖျက်ဖို့ WAB ဟာတပ်ဦးမှာ ရှိနေတာ ဖြစ်တယ်။ ဆက်ချကြမယ်။

— မအေးမြင့်အောင်အောင်

အမျိုးသမီးမဟာမိတ်အင်အားစု၏ အဖွဲ့ဝင်ဖြစ်ရသည်ကို ကျွန်တော်တို့ တန့်ဆည်အမျိုးသမီးသပိတ်အနေဖြင့်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။ ဆက်လက်၍လည်း တန့်ဆည်အမျိုးသမီးသပိတ်သည် အမျိုးသမီးမဟာမိတ်အင်အားစု (WAB)နဲ့အတူ တော်လှန်ရေးကာလ၊ တော်လှန်ရေးအလွန်ကာလများအထိ အာဏာရှင်မှန်သမျှ ဆန့်ကျင်ရေးနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီသစ်တစ်ရပ် ပေါ်ပေါက်လာသည်အထိ ပူးပေါင်းပါဝင် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

အရေးတော်ပုံ မုချအောင်ရမည်။

တန့်ဆည်မြို့နယ်၊
— အမျိုးသမီးသပိတ်အင်အားစု

ကျွန်တော်တို့က ခုချိန်မှာ နှစ် ၇၀ ကျော် ဖိနှိပ်ချုပ်ချယ်လာတဲ့ စစ်အာဏာရှင်ကို တော်လှန်နေကြရတာဖြစ်ပါတယ်။ ဒီနွေဦးတော်လှန်ရေးမှာ နယ်ပယ်အသီးသီးက အမျိုးသမီးလေး တွေဟာ ကျရာကဏ္ဍအသီးသီးမှာ အင်တိုက်အားတိုက် ပါဝင်နေကြပါတယ်။ စစ်အာဏာရှင်နဲ့အတူ အရိုးစွဲနေတဲ့ ဖိုဝါဒကြီးစိုးမှု၊ မတရားမှုတွေကိုလဲ တစ်ပါတည်း တိုက်ထုတ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ ကျွန်တော့အသက်နဲ့ ခန္ဓာတည်နေသ၍ ဒီတော်လှန်ရေးမှာ တတ်နိုင်တဲ့နေရာကနေ ပါဝင်လှုပ်ရှားသွားပါ့မယ်လို့ ကတိသစ္စာပြုပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးက အမျိုးသမီးတွေအားတင်းထားကြပါ။ ကျွန်တော်တို့ ပန်းတိုင်ရောက်တဲ့ အထိ အတူတူဆက်ပြီး တိုက်ပွဲဝင်သွားကြမယ်။

အရေး တော်ပုံ အောင်ကိုအောင်ရမည်။

— Gyin Gyin

# အမျိုးသမီး မဟာမိတ်အင်အားစု မှ ရဲဘော်များ၏ အမှတ်တရစကားများ

“

တော်လှန်ရေးရဲ့ နယ်ပယ်ဒေသအသီးသီးမှာ ကျရာကဏ္ဍကနေ ပါဝင်တော်လှန်နေတဲ့ အမျိုးသမီးတွေ ပူးပေါင်းဖွဲ့စည်းခဲ့ကြတဲ့ WABဟာ တော်လှန်ရေးကာလအတွင်းမှာ ၁နှစ်တင်းတင်းပြည့်မြောက်ခဲ့ပါပြီ။ ကျွန်တော်တို့မှာ အာဏာရှင်ကို အမြစ်ဖြတ်တော်လှန်ဖို့အပြင် လွဲမှားနေတဲ့ အတွေးအခေါ် အယူအဆတွေကိုပါ တစ်ပါတည်းထိန်းကျောင်း ပြုပြင်ပေးဖို့ တာဝန်တွေ ရှိနေတယ်။ ဒီနေ့အထိ တစ်ရက်မပြတ်အဲ့ဒီတာဝန်တွေကို ယူရင်း ကျွန်တော်တို့ ရှေ့ဆက်သွားနေကြဆဲပဲ။ ရဲဘော်တို့အတွက် ဂုဏ်ယူတယ်။ခေတ်ကပေးတဲ့ တာဝန်ကို လွှဲပြောင်းထမ်းယူရင်း နိုင်ငံတော်သစ်ရောက်တဲ့အထိ အတူချီတက်သွားကြမယ်။

တော်လှန်ရေး မုချအောင်ရမယ်။

N

# အထက်ဆင်စ အနက်ရောင်

မုန့်လုံး ရေးသားသည်။



## ငါတို့ထဘီ

ငါတို့ထဘီ...... ငါတို့အလံ.... ငါတို့အောင်ပွဲ...

..... ငါတို့ထဘီ ငါတို့ထဘီ .....

ဩော်... နိမ့်ကျတဲ့အရာ တစ်ခုလိုမြင်နေရာကနေ အဝတ်စတစ်ခုပါပဲသို့ လည်းကောင်း၊ ထိုမှသည် အောင်လံတော်အဖြစ်သို့ လည်းကောင်း အရာဝတ္ထုတစ်ခု၏ စံတန်ဖိုးမှာ ပြောင်းလဲလာသော အတွေးခေါ်များ (တစ်နည်း) ဒီမိုကရေစီ၏အရွေ့များကြား လူမှန်နေရာမှန် ရောက်ရှိခဲ့ပေပြီ။ ထိုအနက်ရောင်အစတပ်ဆင်ထားသော အဝတ်စတစ်စသည်ဖိနှိပ်မှုတွေ၊ ခွဲခြားဆက်ဆံမှုတွေနဲ့အာဏာရှင်စနစ်တို့အကြား ရုပ်လက္ခဏာအပါဝင် စိတ်ဝိညာဉ်တို့ပါ သွေးစွန်းခဲ့ရပါတယ်။

ယဉ်ကျေးမှုဓလေ့ ထုံးတမ်းအစဉ်လာ အရိုးစွဲနေတဲ့ ဒီမြေမှာ တလွဲစံတွေကြောင့် အမျိုးသမီးတို့ဘဝဟာ ပုံစံခွက် မှိုပမာ ဖြစ်ခဲ့ရတယ်။ ချစ်စရာကောင်းတဲ့ လူ့အသိုင်းဝိုင်းဟာ မြန်မာအမျိုးသမီးတိုင်းကို တန်ဖိုးထားခဲ့ကြပါတယ်။ တလွဲစံနှုန်းတွေနဲ့ပေါ့။

ပညာရေး၊ လူမှုစီးပွားရေးနယ်ပယ် အစုံမှာ အမျိုးသမီးတို့ ကန့်သတ်ခံခဲ့ရတယ်။

"မိန်းကလေး သေစာရှင်စာတတ်တော်ပီပေါ့"

"အိမ်မှုကိစ္စနိုင်နင်းမှ မိန်းမမြတ်"

ဒါတွေက လက်တွေ့ဘဝမှာ ယနေ့အချိန်ထိရှိနေဆဲပါပဲ။ ဒီတလွဲစံတွေကို ချိုးဖျက်ဖို့စတင်ခဲ့တာဟာ နွေဦးတော်လှန်ရေးပါပဲ။ အမျိုးသမီးသပိတ် စစ်ကြောင်းများ၊ အမျိုးသမီးရဲမေများ နဲ့အတူ စစ်အာဏာရှင်တော်လှန်ရေးမှသည် အတွေးအခေါ်တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲနိုင်ခဲ့ကြပြီဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက် အမျိုးသမီးများ၏ရဲစွမ်းသတ္တိကို မှတ်ကျောက် အတင်နိုင်ဆုံး တော်လှန်ရေးတစ်ရပ် ဖြစ်ပေသည်။ အစိုးရပိုင်းကိုပင် ကြည့်မလား၊ မြေပြင်သပိတ်ကိုပင် ကြည့်မလား၊ ရှေ့တန်းစစ်မြေပြင်ကို ကြည့်မလား အမျိုးသမီးတို့ ရှတ်ရှတ်ချွံချွံ တိုက်ပွဲဝင်နေကြမြဲ ဖြစ်သည်။

စစ်အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်မှုများ၊ အမြင်မပွင့်သေးသောဒေသနေပြည်သူတွေနဲ့ ဖိုဝါဒီကြီးစိုးသူများအကြား အမျိုးသမီးတို့အင်မတန်မှ ရုန်းကန်နေရပါတယ်။ ကျမတို့တွေမှာ ဘယ်လောက်ပဲ တရားမျှတမှု၊ တန်းတူညီမျှမှုရှိရမယ်ဆိုတာ ပြောနေကြပေမယ့် တကယ့်လက်တွေ့မှာ နှစ်ပေါင်းများစွာကြာ အရိုးစွဲနေတဲ့ ဖိုဝါဒီကြီးစိုးမှုအောက်မှာ နစ်မွန်းနေကြဆဲဖြစ်ပါတယ်။

ဒါတွေကိုကျမတို့ ဘယ်လိုဖြေရှင်းကြမလဲ။

အရေးကြီးဆုံးအချက်ကတော့ ကိုယ်တိုင်ပါဝင်မှုပါ။

အမျိုးသမီးများက ငါတို့အနိမ်ခံရ၊ ခွဲခြားခံနေရတယ်။ Women Rights လို့အော်ပီး တကယ်လက်တွေ့ကျကျ ကိုယ့်အခွင့်ရေးရဖို့

ကြိုးစားကြဖူးရဲ့လား။ သိပ်ကိုအရေးကြီးပါတယ်။ ကျမတို့တွေ အတွေးခေါ်တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲမယ်ဆို ပထမဦးစွာ ကိုယ့်စိတ်အတွင်းမှ ငါဟာယုတ်ညံ့တယ်၊ အမျိုးသမီးဖြစ်တာ နိမ့်ကျတယ်၊ အထက်ဆင်စဟာ နိမ့်ကျတယ်ဆိုတဲ့ အတွေးတွေကို အရင်ရှင်းထုတ်ရပါလိမ့်မယ်။ ဒီလိုရှင်းထုတ်မှုမရှိရင် အခြားတစ်ပါး သူတို့ အမျိုးသမီးနဲ့ပတ်သက်ပြီး နိမ့်ချတဲ့လုပ်ရပ်မျိုးလုပ်တဲ့အခါ မိမိကိုယ်တိုင်က မတားဆီးတဲ့အပြင် အားပေးအားမြှောက်ပြုရာ ရောက်တတ်ပါတယ်။ ဥပမာပြ ရပါစို့။ ရန်ပုံငွေဖျော်ဖြေပွဲတစ်ခုမှာ အမျိုးသမီးထဘီကို နာမ်နိမ်တဲ့သဘောမျိုးနဲ့ မအေလခေါင်းကိုပတ် ခဲ့တယ်။ ဒီလုပ်ရပ်နဲ့ပတ်သတ်ပြီး ကန့်ကွက်ကြတော့ "ဒီလောက် လေးနဲ့ဘာဖြစ်သွားမှာမို့လဲ။ အမျိုးသမီး တန်းတူညီမျှမှု တွေအခွင့်ရေးတွေကို နောက်မှလုပ်စမ်းပါ။ မင်းအောင်လှိုင် သေဖို့ ကပဲအရေးကြီးတယ်"ဆိုပြီး အမျိုးသမီးတွေ ကိုယ်တိုင်ကမှတ် ချက်ပြုကြတာတွေ့တော့ ကျမအင်မတန်မှ စိတ်ဓာတ်ကျ မိတယ်။ ကျမတို့တွေ တစ်နှစ်ကျော်ကြာအောင်ကြိုးစားခဲ့ရတဲ့ အတွေးခေါ် တော်လှန်ရေး၊ တရားမျှတမှုတွေ၊ လူ့အခွင့်အရေးတွေ ဒါတွေကို ပြည်သူလူထုသိအောင်ကျမတို့ အခက်ခဲကြားကနေရအောင် ကြိုး စားရန်းကန်ခဲ့ကြရတယ်။ ဒါတွေအားလုံး မဆင်မခြင် လုပ်ရပ်အချို့ ကြောင့် သဲထဲရေသွန်ဖြစ်လုနီးပါးဖြစ်ခဲ့ရတယ်။

ဒါ့ကြောင့် အမျိုးသမီးတိုင်းက ငါတို့နိမ့်ကျပါတယ် ဆိုတဲ့ အတွေး ကိုဖျောက်ပစ်ရပါမယ်။ နောက်ပြီး အရေးတော်ပုံအောင်မှ ကျား၊မ အရေးလုပ်ကြပါလားဆိုတဲ့အချက်။ ဟုတ်ပြီ။ အရေးတော်ပုံ က ဘာအရေးတော်ပုံလဲ။ မင်းအောင်လှိုင်သေရေးလား။ စစ်အာ ဏာရှင်စနစ် ချေမှုန်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေးလား။ သေချာစဉ်းစားရပါမယ်။ စစ်အာဏာရှင်စနစ် ဆိုးချေဖြုတ်ရေး ဆိုသည့်အတိုင်း ဒီအကြမ်းဖက်အုပ်စုကို တိုက် ထုတ်ရမယ်။ တိုက်ထုတ်တဲ့နေရာမှာ သူတို့နည်းနာ ဝါဒမှိုင်းတွေ ထဲကတစ်ခုဖြစ်တဲ့ ခွဲခြားဖိနှိပ်မှု၊ ကျား၊မ သွေးကွဲစေမှု ဒါတွေကိုပါ ကျမတို့က တိုက်ထုတ်ရပါလိမ့်မယ်။

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေး ဆိုသည့် အတိုင်း ကျမတို့က ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းကြတဲ့အခါ ဖက်ဒရယ်ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်တဲ့ တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုတို့ကို အခုက တည်းက ကျင့်သားရအောင် ပြုစုပျိုးထောင်သွားကြရမှာပါ။ ထိုသို့ မဟုတ်ဘဲ မင်းအောင်လှိုင်သေရေးတစ်ခုသာ ရှေးရှုနေမယ်ဆိုရင် နိုင်ငံရဲ့ ဒီမိုကရေစီအရွေ့လမ်းကြောင်းဟာ အချိန်ပုပ်နောင့်နေးပါ



လိမ့်မယ်။ ဒါ့အပြင် ရွှေရည်စိမ်ဒီမိုကရေစီမှာပဲ ပြည်သူတွေ စီးမြောသွားကြရပါလိမ့်မယ်။ ဒီ့အတွက်လုံမတို့ ကိုယ်တိုင်ကြိုးစား ကြပါ။ ဒီလိုကြိုးစားတဲ့နေရာမှာလဲ အစွန်းရောက်မှုမဖြစ်ဖို့လိုပါ တယ်။ ငါတို့တစ်စုတည်းအခွင့်ရေး ကြည့်လို့မရပါဘူး။ ကျား၊မတန်း တူမျှတရေးအတွက် ကြိုးစားကြရမှာပါ။ ဒီ့အတွက် အထူးသတိ ထား ဆင်ခြင်ကြဖို့လိုပါတယ်။

ဒီတော့ လုံမတို့အနေနဲ့ အနက်ရောင်အထက်ဆင်တစ်စ အား အမည်မှန်၊ နေရာမှန်ရောက်ရှိအောင် ဆက်လက်ကြိုးစားကြကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ၎င်း၏ အနှစ်သာရဖြစ်သည့် တရားမျှတရေး တန်းတူညီမျှရေးအလေ့အထ အမူအကျင့်တို့အား စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန် နေ သည့် ယခုအချိန်ကာလ ကတည်းကပင် လေ့ကျင့်ပြုစုပျိုးထောင် သွားကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်ရှင်။

# အမျိုးသမီး မဟာမိတ်အင်အားစု မှ လှုပ်ရှားခဲ့သော သပိတ်လှုပ်ရှားမှုများ

## တပ်ကိုကြိတ်မယ့် မိန်းမများ သံတိုင်ကြားက လက်ထောင်ထား



## စနစ်ဆိုးကို အမြစ်ချိုးမယ့် သူပုန်အမျိုးသမီးသပိတ် တဲ့ဟေ့



## တိုက်ရဲလား တိုက်ရဲတယ် သေရဲလား သေရဲတယ်



## ဝတ်ချင်တာဝတ်မယ် မုဒိမ်းလာမကျင့်နဲ့



# အမျိုးသမီး မဟာမိတ်အင်အားစု မှ လှုပ်ရှားခဲ့သော သပိတ်လှုပ်ရှားမှုများ

## အာဏာရှင် ဆိုတာ ဘယ်တော့မှအရှင်ထွက်မထွက်ဘူး



## ရဲမေတို့ရှေ့ထွက် တော်လှန်နှစ်သစ်ခရီးဆက် မုဒိမ်းစစ်တပ်အမြစ်ဖြတ် အဖမ်းဆီးခံများအတွက်



## ကျတ္တိယတွေ ရှေ့သို့ချီ အကြမ်းဖက်မှုကို အမြစ်ဖြတ်မည်



## နိုင်ငံသစ်ကို ရဲရဲတည်ဆောက်ကြ



# အမျိုးသမီး မဟာမိတ်အင်အားစု မှ လှုပ်ရှားခဲ့သော သပိတ်လှုပ်ရှားမှုများ

## ဖက်ဆစ်ကိုခြေ အောင်ပွဲဝေ တော်လှန်သော အမျိုးသမီးတွေ



## လိင်အကြမ်းဖက် မှုဒိမ်းစစ်တပ် ငါတို့လက်နဲ့ အဆုံးသတ်



WOMEN ALLIANCE
BURMA

